INTERNATIONAL CRISIS GROUP

# ခယောင်းလမ်းကို ပါးပါးနပ်နပ်လျှောက်လှမ်းခြင်း၊ ရှမ်းပြည်နယ်အတွင်း အင်အားကြီးထွားလာသည့် တအာင်းတပ်မတော်

**Crisis Group အာရှရေးရာအကျဉ်းချုပ်တင်ပြချက် အမှတ် ၁၇၇**
မဲလ်ဘုန်း၊ ရန်ကုန်၊ ဘရပ်ဆဲလ်။ ၂၀၂၃၊ စက်တင်ဘာ၊ ၄ ရက်။. Translation from English

**အကြောင်းအရာသစ်ကဘာလဲ** - တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) သည် ၂၀၂၁ စစ်တပ်အာဏာသိမ်းမှုနောက်ပိုင်း ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တဖြည်းဖြည်းနယ်မြေချဲ့ထွင်လာသည်။ လူသစ်စုဆောင်းမှုမှတစ်ဆင့် တပ်ဖွဲ့ဝင်အင်အားပိုမိုတောင့်တင်းလာပြီး ၎င်း၏ စင်ပြိုင်အုပ်ချုပ်ရေးယန္တရားကို ပိုမိုအားကောင်းအောင် တည်ဆောက်လာသည်။ အာဏာသိမ်းမှုကို ဆန့်ကျင်သော လက်နက်ကိုင်အဖွဲ့အစည်းများအား တိတ်တဆိတ်ထောက်ပံ့ခဲ့သော်လည်း TNLA သည် ယခင်နှင့်စာလျှင် စစ်တပ်နှင့်ပစ်ခတ်တိုက်ခိုက်မှု အနည်းအကျဉ်းသာရှိခဲ့သည့်အပြင် စစ်ကောင်စီငြိမ်းချမ်းရေးကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံခဲ့သည်။

**ဘာကြောင့် ဒီအကြောင်းအရာက အရေးပါသလဲ** - ရှမ်းပြည်နယ်မြောက်ပိုင်းတွင် TNLA မှ နယ်မြေချဲ့ထွင်လာသည်နှင့်အမျှ ၎င်းနှင့် ဒေသတွင်းရှိ အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ဆက်ဆံရေးမှာ ပိုမိုတင်းမာလာသည်။ ထို့ပြင် တအာင်းမဟုတ်သော အခြားအသိုင်းအဝိုင်းများနှင့်ပါ ဆက်ဆံရေးအဖုအထစ်ရှိလာသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများလှုပ်ရှားရသည့် ရှုပ်ထွေးနက်နဲသော ရေခံမြေခံ၊ အခြေအနေကြောင့်ပင် အာဏာသိမ်းမှုနောက်ပိုင်း TNLA ၏ နိုင်ငံရေးရပ်တည်ချက်မှာ တိကျပြတ်သားမှုမရှိဟုဆိုနိုင်သည်။ ထိုပကတိတရားကြောင့်ပင် အာဏာသိမ်းစစ်တပ်ကို ဆန့်ကျင်တိုက်ခိုက်ရေးအတွက် တစ်တိုင်းပြည်လုံးပါဝင်သည့် မဟာမိတ်တပ်ပေါင်းစုကြီး ဖွဲ့စည်းရေးဟူသည့်စဉ်းစားချက်မှာ လက်တွေ့ဖြစ်နိုင်ရန် အလွန်ခက်ခဲလှသည်။

**ဘာတွေလုပ်ဆောင်သင့်သလဲ** - ထိန်းချုပ်နယ်မြေကို ယခုထက် ပိုမိုချဲ့ထွင်မည့်အစား TNLA သည် မိမိကိုယ်ပိုင်အုပ်ချုပ်ရေးယန္တရားကို ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့် လက်ရှိထိန်းချုပ်ရာနယ်မြေအတွင်းရှိ ပြည်သူလူထုကို ကြည့်ရှုစောင့်ရှောက်ရန်သာ အာရုံထားသင့်သည်။

ထို့ပြင် TNLA သည် ၎င်း၏ တပ်သားစုဆောင်းမှုလုပ်ငန်းစဉ်များကို ပြုပြင်ပြောင်းလဲသင့်သည်။ နိုင်ငံတကာအလှူရှင်များကမူ ရှမ်းပြည်နယ်အတွင်းရှိ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသော အရပ်ဘက်လူ့အဖွဲ့အစည်းများကို ရန်ပုံငွေပိုမိုထောက်ပံ့သင့်ပါသည်။

# ၁။ အစီရင်ခံစာအနှစ်ချုပ်

၂၀၂၁ စစ်အာဏာသိမ်းချိန်ကစ၍ မြန်မာပြည်အတွင်းရှိ အင်အားအကြီးဆုံးတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနက် တစ်ခုဖြစ်သည့် TNLA သည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ၎င်း၏နယ်မြေထိန်းချုပ်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်လာသည်။ တအာင်းအရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ချိတ်ဆက်ညှိနှိုင်း၍ TNLA သည် တရားဥပဒေစိုးမိုးရေး၊ ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှု စသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများဖော်ဆောင်ခဲ့ပြီး ဒေသတွင်းစီးပွားရေး ပိုမိုအားကောင်းစေရန် လုပ်ဆောင်ခဲ့သည်။ စစ်အာဏာသိမ်းမှုအလွန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့ကဲ့သို့ စစ်တပ်နှင့် ပစ်ခတ်တိုက်ခိုက်မည့်အစား TNLA သည် အများအားဖြင့် စစ်ရေးပဋိပက္ခကို တတ်နိုင်သမျှရှောင်ရှားခဲ့သည်။ စစ်တပ်ဆန့်ကျင်ရေးလက်နက်ကိုင်အင်အား စုများအား ပေါ်ပေါ်တင်တင်မဟုတ်ဘဲ နောက်ကွယ်မှ လျှို့ဝှက်ထောက်ပံ့ပေးခဲ့သည့်အပြင် အာဏာ သိမ်းစစ်တပ်၏ အတိုက်အခံနိုင်ငံရေးအဖွဲ့အစည်း၊ ယန္တရားများနှင့်လည်း သွယ်ဝိုက်သာဆက်ဆံခဲ့ သည်။ ၎င်း၏အဖြူအမဲမသဲကွဲသော အာဏာသိမ်းမှုအလွန် နိုင်ငံရေးရပ်တည်ချက်ကိုကြည့် ခြင်းအားဖြင့် TNLA သည် ရေရှည်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေး မျှော်မှန်းထားသည်ဟု ဆိုနိုင်ပါသည်။ မိမိထိန်းချုပ်နယ်မြေ ပီပီပြင်ပြင်ရှိလာသည်နှင့်အမျှ TNLA သည် အဆိုပါ နယ်မြေရှိ ပြည်သူလူထုအရေးကို မျက်နှာမူသင့်ပါသည်။ ထို့ပြင် အခြားတိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ စစ်တပ်နှင့်ဖြစ်စေ ထိပ်တိုက်ရင်ဆိုင်၊ ပဋိပက္ခဖြစ်စေနိုင်သော လုပ်ရပ်များ၊ တစ်နည်းအားဖြင့် စစ်ရေးအရစွန့်စားမှုမျိုးကို ရှောင်ကြဉ်သင့်ပါသည်။ ထို့မျှမက အတင်းအဓမ္မတပ်သားသစ်စုဆောင်းခြင်းနှင့် ကလေးစစ်သားအသုံးပြုခြင်းတို့ကို ရပ်တန့်သင့် သည်။ ပြင်ပနိုင်ငံတကာအဖွဲ့အစည်းများကမူ ရှမ်းပြည်နယ်အတွင်း ဒေသခံအရပ်ဘက်လူ့အဖွဲ့ အစည်းများမှတစ်ဆင့် အများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများအတွက် ပိုမိုကူညီထောက်ပံ့ သင့်သည်။

စတင်တည်ထောင်ချိန် ၂၀၀၉ ခုနှစ်မှစ၍ TNLA သည် တဖြည်းဖြည်းအင်အားကြီးထွား လာပြီး ထိန်းချုပ်နယ်မြေလည်း ပိုမိုချဲ့ထွင်လာသည်။ တင်းကျပ်သောမူးယစ်ဆေးဝါးဆန့်ကျင် တိုက်ဖျက်ရေးမူဝါဒတစ်ရပ် လက်ကိုင်ထားပြီး မတူကွဲပြားသည့် မျိုးနွယ်စုငယ်များကိုစုစည်း၍ တအာင်းဟူသည့် လူမျိုးစုအမှတ်သညာတစ်ခုအောက်တွင် ညီညွတ်ရေးတည်ဆောက်ခြင်းဖြင့် TNLA သည် လူထုထောက်ခံမှုကိုရရှိခဲ့သည်။ တစ်ဘက်တွင်လည်း TNLA သည် (ယခင်က) ကချင်ပြည်လွတ်လပ်ရေးအဖွဲ့နှင့် (မကြာသေးခင်က) ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် တို့ထံမှ စစ်သင်တန်းနှင့် လက်နက်ခဲယမ်း စသည့်စစ်ရေးအထောက်အပံ့များရရှိခဲ့ရာ အတန်အသင့် အင်အားကြီးလာသည်။ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်သည် မြန်မာနိုင်ငံတွင် အင်အား အကြီးဆုံးတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဖြစ်ပြီး ရှမ်းပြည်နယ်အတွင်း မိမိနယ်မြေကို အပြည့် အဝကိုယ်ပိုင်အုပ်ချုပ်မှု ပြုလုပ်နေခြင်းဖြစ်သည်။ လွန်ခဲ့သည့်ဆယ်စုနှစ်တစ်ခုအတွင်း TNLA သည် ၎င်းထိန်းချုပ်သည့် ပထဝီဝင်နယ်မြေကို ခြေလှမ်းကျဲကျဲလှမ်း၍ တဖြည်းဖြည်းချဲ့ထွင် ခဲ့သည်။ အဆိုပါကာလတစ်လျှောက်လုံး TNLA သည် မြန်မာစစ်တပ်၊ စစ်တပ်လက်ဝေခံ

ပြည်သူ့စစ်များနှင့်သာမက ၎င်း၏ပြိုင်ဘက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့နှင့်ပါ မကြာခဏ ထိတွေ့ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

၂၀၂၁ စစ်တပ်အာဏာသိမ်းမှုနောက်ပိုင်းတွင် TNLA သည် ပို၍ပင်အင်အားကြီးလာသည်။ မြန်မာစစ်တပ်သည် အခြားဒေသများတွင် စစ်မျက်နှာပြင်အများအပြား ဖွင့်တိုက်ရသည်ဖြစ်ရာ ၎င်း၏တပ်အင်အားအများအပြားကို ရှမ်းပြည်နယ်မြောက်ပိုင်းမှဆုတ်ခွာစေပြီး စစ်တလင်းအသစ်များသို့ပို့ဆောင်ရသည်။ စစ်တပ်ဆုတ်ခွာသွားသည်နှင့်တစ်ပြိုင်နက် TNLA နှင့် မဟာမိတ်များသည် ၎င်းတို့၏လှုပ်ရှားမှုခွင်ကို ချဲ့ထွင်လိုက်ကြပြီး RCSS ကို ရှမ်းမြောက်ဒေသမှ တိုက်ခိုက်နှင်ထုတ်ခဲ့သည်။ တပ်သား ၁၀,၀၀၀မှ ၁၅,၀၀၀ အတွင်း အင်အားရှိသော TNLA သည် ၎င်း၏ထိန်းချုပ်နယ်မြေနှင့် အနီးတစ်ဝိုက်မြို့များတွင် ပေါ်ပေါ်ထင်ထင်သွားလာနိုင်သည်အထိ အင်အားကြီးလာသည်။ စစ်တပ်က ရှမ်းမြောက်ဒေသကို အာရုံမစိုက်နိုင်လေ TNLA အနေနှင့် ၎င်း၏ "တအာင်းပြည်နယ်"တည်ထောင်ရေး နိုင်ငံရေးရည်မှန်းချက်ပြည့်ဝစေရေးအတွက် အင်အားပိုမိုတည်ဆောက်လာရုံမက အုပ်ချုပ်ရေးယန္တရားတစ်ခုကိုလည်း ဖော်ဆောင်လာသည်။ အခြားအင်အားကြီးတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ခြေရာအတိုင်း TNLA သည်လည်း တအာင်းအရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် လက်တွဲ၍ တရားစီရင်ရေး၊ ပညာရေးနှင့် ကျန်းမာရေး စသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများပါဝင်သော အုပ်ချုပ်ရေးယန္တရားများဖြင့် "တအာင်း ပြည်နယ်"ကို တဖြည်းဖြည်းရုပ်လုံးကြွလာအောင် တည်ဆောက်နေသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတအာင်းပြည်နယ်ပေါ်ထွက်ရေးခရီးရှည်မှာ လမ်းခုလတ်တွင်သာရှိနေသေးသည်။ သို့သော် TNLA သည် အာဏာသိမ်းမှုနောက်ပိုင်း (အထူးသဖြင့်) အမျိုးသမီးများဦးဆောင်သည့် အဖွဲ့များအပါအဝင် တအာင်းအရပ်ဘက်လူ့အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကိုယ်ပိုင်အုပ်ချုပ်ရေးယန္တရားတစ်ခုကို လက်တွေ့ဖန်တီးနေသည်။

မိမိအင်အားနှင့် ထိန်းချုပ်နယ်မြေခိုင်မာတောင့်တင်းအောင် TNLA သည် အာဏာသိမ်းမှုအလွန်ပဋိပက္ခအခင်းအကျင်းတွင် (စစ်တပ်နှင့် ၎င်းကိုဆန့်ကျင်သည့်အဖွဲ့များအကြား) ဘက်တစ်ဘက်ကိုရွေးချယ်ခြင်းထက် ခြိစည်းရိုးခွမူဝါဒကျင့်သုံးခဲ့သည်။ စစ်တပ်နှင့် တတ်နိုင်သမျှ ထိပ်တိုက်တွေ့ ပစ်ခတ်မှုများကို ရှောင်ကြဉ်ခဲ့သည်။ သို့သော် စစ်တပ်ဆန့်ကျင်ရေးလက်နက်ကိုင် အဖွဲ့များကို စစ်သင်တန်းပေးခြင်း၊ လက်နက်ထောက်ပံ့ခြင်းတို့ဖြင့် အဓိကကူညီသည့်တိုင် TNLA သည် ယင်းသို့ကူညီခြင်းကို လူသိရှင်ကြားထုတ်ပြန်ကြေညာခြင်းမပြုပေ။ ထို့ပြင် TNLA သည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ပေါ်ပေါ်တင်တင်ထက်စာလျှင် အလွတ်သဘောဆက်ဆံရေးတစ်ရပ်သာထားရှိသည်။ NUG ကဲ့သို့ စစ်တပ်ဆန့်ကျင်ရေးအဖွဲ့အစည်းများနှင့်ဆက်ဆံသည့်အခါ TNLA သည် တအာင်းအရပ်ဘက်အဖွဲ့များ၊ တအာင်းနိုင်ငံရေးသမားများကို အားကိုးလေ့ရှိသည်။ သို့တိုင် TNLA သည် အာဏာသိမ်းစစ်တပ်နှင့်လည်း ထိတွေ့ဆက်ဆံခဲ့သည်။ မကြာသေးမီက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှစ်ခုနှင့်အတူ TNLA သည် စစ်တပ်၏ ငြိမ်းချမ်းရေးကိုယ်စားလှယ်များနှင့် ရှားရှားပါးပါးတွေ့ဆုံခဲ့သည်။

ယင်းတွေ့ဆုံမှုမှာ တရုတ်အစိုးရ၏ ဖိအားကြောင့်ဖြစ်သည်။ ၂,၁၆၀ ကီလိုမီတာရှည်လျားသည့် နယ်စပ်တစ်ခုကို မျှဝေပိုင်ဆိုင်ကြသော အိမ်နီးချင်းနိုင်ငံများဖြစ်သည့်အားလျော်စွာ တရုတ်နိုင်ငံ

သည် မြန်မာပြည်နှင့် ကာလရှည်ကြာ နည်းလမ်းပေါင်းစုံဖြင့် ဆက်ဆံခဲ့သည်။ တရုတ်အစိုးရသည် ၁၉၈၀ ပြည့်လွန်နှစ်များနောက်ပိုင်း ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (BRI) အပါအဝင် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍအသီးသီးတွင် နက်နက်ရှိုင်းရှိုင်း ရင်းနှီးမြှုပ်နှံခဲ့သည်။ မိမိရင်းနှီးမြှုပ်နှံမှုအကျိုး စီးပွားများကိုကာကွယ်ရန် တရုတ်သည် ၎င်းနှင့်မြန်မာအကြား နယ်စပ်ဖြစ်သော ရှမ်းပြည်နယ် အတွင်း တည်ငြိမ်အေးချမ်းမှုကို အထူးလိုလားသည်။

စစ်တပ်ဆန့်ကျင်ရေးအဖွဲ့အစည်းများအားလုံးပါဝင်သော မဟာမိတ်တပ်ပေါင်းစုဖွဲ့ရေးသည် အပြောထက် အလုပ်ခက်ကြောင်းကို အာဏာသိမ်းမှုအလွန် TNLA ၏ ရပ်တည်ချက်က သက်သေပြနေသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အများစုသည် အာဏာသိမ်းစစ်တပ်နှင့် ပတ်သက်လျှင် တင်းတင်းမာမာရပ်တည်လေ့ရှိသည်။ သို့သော် စစ်တပ်ယန္တရားတစ်ခုလုံးပြိုလဲ သွားနိုင်သည့် အလားအလာမှာ အနည်းငယ်သာရှိသည်ဟု ၎င်းတို့မှရှုမြင်သဖြင့် NUG နှင့်သာမက အခြားအာဏာသိမ်းမှုဆန့်ကျင်ရေးလက်နက်ကိုင်အဖွဲ့များနှင့်ပါ ခိုင်မာသောမဟာမိတ်ဆက်ဆံရေး တည်ဆောက်ရန် တွန့်ဆုတ်ကြသည်။ ထို့ပြင် တရုတ်အစိုးရကလည်း ၎င်း၏နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုရှိစေရန် မကြာခဏဖိအားပေးလေ့ရှိရာ အဆိုပါတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များသည် စစ်တပ်နှင့်ထိပ်တိုက်တွေ့ပြီး ပစ်ခတ်တိုက်ခိုက်လိုခြင်း မရှိပေ။ တစ်ချိန်တည်းတွင် မိမိထိန်းချုပ်နယ်မြေရှိ မျိုးနွယ်တူအသိုင်းအဝိုင်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ၎င်းတို့ကို အားပေးသည့် ပြည်တွင်း၊ ပြည်ပထောက်ခံသူများကလည်း TNLA နှင့် အခြားတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအပေါ် အတိုင်းအတာတစ်ခုအထိ ဩဇာလွှမ်းမိုးမှုရှိသည်။ သို့ဖြစ်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် ၎င်းတို့၏နိုင်ငံရေးရည်မှန်းချက်များကို အကောင် အထည်ဖော်ရာတွင် ထောက်ခံ၊ ဝန်းရံသူများထံမှလာသော တောင်းဆိုမှုအမျိုးမျိုးကိုလည်း မျှမျှတတထည့်သွင်းစဉ်းစားရသည်။ TNLA ကမူ ၎င်း၏နိုင်ငံရေးရည်မှန်းချက်ဖြစ်သော လက်တွေ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တအာင်းပြည်နယ်တည်ထောင်ရေးနှင့် မိမိလူထု၏တောင်းဆို ချက်များအကြား မျှခြေတစ်ခုတည်ဆောက်နေသည်။

လွန်ခဲ့သည့်နှစ်များအတွင်း TNLA ၏ နယ်မြေချဲ့ထွင်မှုသည် နိုင်ငံ့နယ်နိမိတ်အတွင်းမှ နယ်မြေအစိတ်အပိုင်းများ အကွဲကွဲ၊ အပြားပြားဖြစ်လာသော ဖြစ်စဉ်များအနက် သာဓကတစ်ခု ဖြစ်ပြီး ယင်းဖြစ်စဉ်များသည် ၂၀၂၁ အာဏာသိမ်းမှုနောက်ပိုင်းတွင် အရှိန်မြင့်တက်လာသည်။ ဗဟိုအုပ်ချုပ်မှုယန္တရားများက မူလအတိုင်း မလည်ပတ်နိုင်တော့ချိန်တွင် TNLA ကဲ့သို့ အစိုးရ လက်အောက်ခံမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၊ ၎င်းထိန်းချုပ်နယ်မြေတွင် လှုပ်ရှားသော အရပ်ဘက်လူ့အဖွဲ့များသည် သန်းနှင့်ချီသော ပြည်သူလူထုအား ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အဓိကပေးအပ်ရသည့် အဖွဲ့အစည်းများဖြစ်လာသည်။ ဥပမာအားဖြင့် TNLA သည် တအာင်း အရပ်ဘက်အဖွဲ့များနှင့်ပူးပေါင်း၍ စာသင်ကျောင်းများဖွင့်လှစ်ခြင်း၊ ဆေးဝါးကုသပေးခြင်း၊ အခွန်အခကောက်ခံခြင်းများ ဆောင်ရွက်သည့်အပြင် တရားစီရင်ရေးစနစ်တစ်ခုကိုလည်း ဖော် ဆောင်နေသည်။

သို့တိုင် TNLA အင်အားကြီးထွားလာမှုသည် ၎င်းနှင့်၎င်းထိန်းချုပ်နယ်မြေရှိ ပြည်သူလူထုကို အန္တရာယ်ပေးနိုင်ဆဲဖြစ်သည်။ လက်ရှိအခြေအနေမှတစ်ဆင့် နယ်မြေပို၍ချဲ့ထွင်ပါက အခြား

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ သို့မဟုတ် စစ်တပ်နှင့်ထိပ်တိုက်တွေ့ပြီး ပဋိပက္ခကိုဦးတည်စေနိုင်သည်။ နယ်မြေချဲ့ထွင်ခြင်းမပြုလျှင်ပင် မြန်မာစစ်တပ်သည် ယခင်ကစွန့်လွှတ်ခဲ့သော နယ်မြေများကို နောင်တစ်ချိန်တွင် TNLA ထံမှ ပြန်လည်တိုက်ခိုက်၍ သိမ်းပိုက်ရယူရန် ကြိုးပမ်းလာနိုင်သည်။ တအာင်းမဟုတ်သည့် အခြားလူမျိုးစုများကလည်း TNLA အင်အားကြီးထွားလာမှုကို ခြိမ်းခြောက်မှု၊ အန္တရာယ်တစ်ခုအဖြစ် ရှုမြင်ကြပြီး ယင်းအခြေအနေက ၎င်းတို့နှင့် တအာင်းလူမျိုးများအကြား တင်းမာမှုကို ပိုမိုမြင့်တက်စေနိုင်သည်။ ထို့ပြင် အင်အားကြီးမားသော လက်နက်ကိုင်တပ်ဖွဲ့တစ်ခုကို ထိန်းသိမ်းရခြင်းနှင့် ကျယ်ဝန်းသည့်ထိန်းချုပ်နယ်မြေအချိုးအစားအလိုက် ကြီးမားသောအုပ်ချုပ်ရေးယန္တရားတစ်ခုကို ဖော်ဆောင်ရခြင်းမှာ အလွန်တရာကုန်ကျစရိတ်များပြားရာ TNLA အဖို့ မနိုင်ဝန်ထမ်းမိသလိုဖြစ်သွားနိုင်သည့် အန္တရာယ်တစ်ခုလည်းရှိနေသည်။ သို့ဖြစ်ရာ ကြီးမားသည့်အသုံးစရိတ်ကို ကာမိစေရန် TNLA သည် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသာမက စစ်တပ်လက်ဝေခံ ပြည်သူ့စစ်များနှင့်ပါ ဘဏ္ဍာငွေရှာဖွေရာတွင် ယှဉ်ပြိုင်ရတော့သည်။ ဤအခြေအနေက ၎င်းတို့အကြား ပွတ်တိုက်မှုကို ပိုမိုမြင့်တက်စေနိုင်သည်။

မြန်မာနိုင်ငံနယ်နိမိတ်အတွင်း နယ်မြေအစိတ်အပိုင်းများ အစိတ်စိတ်၊ အမွှာမွှာကွဲပြားနေသည့် ပကတိအရှိတရားကြောင့် TNLA သည် မိမိတစ်ဦးတည်းထက်စာလျှင် အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ အလှူရှင်များနှင့်လက်တွဲ၍ ပဋိပက္ခကြောင့်ပေါ်ပေါက်လာသည့် ဘေးအန္တရာယ်များကို စီမံခန့်ခွဲခြင်း၊ အုပ်ချုပ်မှုယန္တရားကို အရည်အသွေးမြှင့်တင်ခြင်းနှင့် ပြည်သူကို ဝန်ဆောင်မှုပေးခြင်းဖြင့် ရှမ်းမြောက်ဒေသပြည်သူအများ၏အကျိုးကို သယ်ပိုးနိုင်သည်။ ပဋိပက္ခစစ်မီးကို တစ်ကျော့ပြန်တောက်လောင်စေနိုင်သဖြင့် TNLA အနေဖြင့် လက်ရှိအနေအထားမှ နယ်မြေပိုမိုချဲ့ထွင်ခြင်းကို ရှောင်ကြဉ်ရန်လိုအပ်သည်။ ထို့ပြင် မိမိထိန်းချုပ်နယ်မြေရှိ တအာင်းမဟုတ်သော အခြားတိုင်းရင်းသားလူနည်းစုများကို ဖိနှိပ်၊ ရန်စသည့် အပြုအမူမျိုးမလုပ်မိရန် သတိကြီးကြီးထားသင့်သည်။ TNLA သည် ခြိမ်းခြောက်အကျပ်ကိုင်ခြင်း သို့မဟုတ် အကြမ်းဖက်ခြင်းနည်းလမ်းတို့ဖြင့် အတင်းအဓမ္မလူသစ်စုဆောင်းခြင်းကို ရပ်တန့်ပြီး တပ်သားသစ်စုဆောင်းမှုမူဝါဒကို ပြုပြင်ပြောင်းလဲသင့်သည်။ ထို့ပြင် တပ်ဖွဲ့အတွင်း ကလေးစစ်သားစုဆောင်းမှုကို လုံးဝတားမြစ်ပြီး ထိထိရောက်ရောက်နှိမ်နင်းသင့်သည်။ တစ်ချိန်တည်းတွင် အလှူရှင်များကမူ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တအာင်းနှင့် အခြားတိုင်းရင်းသားလူနည်းစုများပါဝင်သော အရပ်ဘက်အဖွဲ့အစည်းများထံ ပေးအပ်နေသော အကူအညီများကို ပိုမိုတိုးမြှင့်သင့်သည်။ အရပ်ဘက်လူ့အဖွဲ့အစည်းများ ပိုမိုအားကောင်းအောင်ကူညီခြင်းဖြင့် ပြင်ပအလှူရှင်များသည် အရပ်သားများကို လူသားချင်းစာနာမှုအကူအညီများ ပိုမိုထောက်ပံ့ပေးခြင်းပင်ဖြစ်သည်။ ပြည်သူလူထုအား ပို၍ကူညီနိုင်လေ အဆိုပါအရပ်ဘက်အဖွဲ့များသည် လက်နက်ကိုင်တပ်ဖွဲ့ခေါင်းဆောင်များအပေါ် ဩဇာပို၍လွှမ်းမိုးလာနိုင်လေဖြစ်သည်။ အထူးသဖြင့် တိုင်းရင်းသားမျိုးနွယ်စုများအကြား တည်ငြိမ်အေးချမ်းစွာ ယှဉ်တွဲနေထိုင်ရေးကြိုးပမ်းရာတွင် အဆိုပါအရပ်ဘက်အဖွဲ့များ၏ လက်နက်ကိုင်တပ်ဖွဲ့များအပေါ် ရှိသည့် ဩဇာလွှမ်းမိုးမှုမှာ အလွန်ပင်အရေးပါသည်။

# ၂။ TNLA အင်အားကြီးထွားလာခြင်း

## (က) ပြိုကွဲခြင်းနှင့် ပြန်လည်မွေးဖွားခြင်း

TNLA အဖွဲ့သည် မြန်မာနိုင်ငံအတွင်းရှိ အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နှိုင်းယှဉ်လျှင် သက်တမ်းနုနယ်သေးသော်လည်း နှစ်ပေါင်း ၆၀ သက်တမ်းရှိ တအာင်းတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေး ရုန်းကန်လှုပ်ရှားမှုမှ ပေါက်ဖွားလာခြင်းဖြစ်သည်။[1] လူများစုဗမာများက "ပလောင်"ဟု သတ်မှတ်သော်လည်း တအာင်းလူမျိုးများသည် မွန်-ခမာအနွယ်ဝင် ဘာသာစကားပြောဆိုကြသူများဖြစ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တောင်ကုန်းထူထပ်ရာ အရပ်များ၊ အထူးသဖြင့် ဝေးလံခေါင်သီသည့်ဒေသများတွင် နေထိုင်ကြသည်။ ရှမ်းပြည်နယ်တောင်ပိုင်းအပြင် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်နှင့် ထိုင်းနိုင်ငံမြောက်ပိုင်းတို့တွင်လည်း တအာင်းလူမျိုးအနည်းအကျဉ်းနေထိုင်ကြသည်။[2] တအာင်းမျိုးနွယ်စုဝင် အဓိကအုပ်စုကွဲသုံးမျိုးခန့်သည် မြန်မာနိုင်ငံအတွင်းဒေသအချို့တွင် ဖြန့်ကျက်နေထိုင်ပြီး တအာင်းဘာသာစကားခြောက်မျိုးပြောဆိုကြသည်။[3] သမိုင်းကြောင်းတစ်လျှောက် မြန်မာပြည်မနှင့် အဆက်အစပ်အနည်းငယ်သာရှိသည့် တိုင်းရင်းသားမျိုးနွယ်စုဝင်များလည်းဖြစ်သည်။

ပထဝီဝင်အနေအထားအရ သီးခြားနေထိုင်သည့် လူမျိုးစုဖြစ်သည့်တိုင် တအာင်းလူမျိုး များသည် ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း ပေါ်ပေါက်လာပြီး ရှမ်းပြည်နယ်တစ်ဝန်းလုံးကို ဟုန်းဟုန်းတောက်ဝါးမြိုခဲ့သည့် ပြည်တွင်းစစ်မီးဒဏ်ကိုခံစားခဲ့ရသည်။[4] ၁၉၆၂ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးနေဝင်းက အာဏာသိမ်းလိုက်သည့်အခါ တအာင်းနိုင်ငံရေးခေါင်းဆောင်များသည် ကိုယ်ပိုင်အုပ်ချုပ်ရေးတိုက်ပွဲဝင်ရန် ပလောင်အမျိုးသားတပ်ဦး (PNF) ကို ဖွဲ့စည်းခဲ့ကြသည်။ ၁၉၇၆ ခုနှစ်တွင် အဖွဲ့ဝင်အချို့ခွဲထွက်သွားကြပြီး ပလောင်ပြည်လွတ်မြောက်ရေးအဖွဲ့ (PSLO) ထူထောင်ကာ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO) နှင့် မဟာမိတ်ပြုခဲ့သည်။[5] လူထုအုံကြွမှုဖြစ်ပွားခဲ့သော ၁၉၈၈ ခုနှစ်အထိကြာမြင့်ခဲ့သော စစ်အာဏာရှင်နေဝင်း၏ သက်တမ်းတစ်လျှောက်လုံး PSLO အဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးဆက်လက်တိုက်ပွဲဝင်ခဲ့သည်။ များမကြာမီ စစ်အစိုးရအသစ်တစ်ရပ်အာဏာရယူပြီး ဆန္ဒပြပွဲများကို သွေးထွက်သံယိုဖြစ်သည်အထိ အကြမ်းဖက်နှိမ်နင်းခဲ့သည်။

[1] Martin Smith ရေးသားသည့် Burma: Insurgency and the Politics of Ethnicity (London, 1991) စာအုပ်မှ ကိုးကားသည်။

[2] နိုင်ငံသုံးခုလုံးတွင်နေထိုင်သည့် တအာင်းလူဦးရေမှာ ငါးသိန်းမှ နှစ်သန်းအထိ ရှိနိုင်သည်ဟု ခန့်မှန်းထားသည်။

[3] Takahiro Kojima ရေးပြီး The Newsletter တွင် ဖော်ပြခဲ့သည့် "Palaung Orthographies: Writing and the Politics of Ethnicity in Shan State" စာတမ်းမှ ထုတ်နုတ်ကိုးကားသည်။

[4] Smith ရေးသားသည့် Burma ဟူသည့် စာအုပ်ကို ကိုးကားသည်။

[5] ၂၀၁၀၊ ဩဂုတ် ၂၀ တွင် Kachinland News သတင်းဌာနမှ ဖော်ပြသည့် "TNLA/PSLF ကို ထာဝရမဟာမိတ်အဖြစ် သတ်မှတ်နိုင်မလား" ဟူသည့်ဆောင်းပါးကို ကိုးကားသည်။

အာဏာသိမ်းပြီးနောက် စစ်အစိုးရအသစ်သည် နယ်စပ်ဒေသများတွင် လှုပ်ရှားနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အပစ်အခတ်ရပ်စဲရေးညှိနှိုင်းမှုများ စတင်ခဲ့သည်။ PSLO အဖွဲ့ခေါင်းဆောင်များက အစပိုင်းတွင် အပစ်အခတ်ရပ်စဲရန် ငြင်းဆန်ခဲ့ရာ စစ်တပ်က တအာင်း အရပ်သားများကို ပစ်မှတ်ထားဦးတည်၍ ရက်ရက်စက်စက် တိုက်ခိုက်လေတော့သည်။[6] ယင်း ကြောင့်ပင် PSLO အနေနှင့် ၁၉၉၁ ခုနှစ်တွင် အပစ်အခတ်ရပ်စဲလိုက်ရသည်။ ထိုချိန်မှစ၍ PSLO အဖွဲ့၏သြဇာမှာ တဖြည်းဖြည်းကျဆင်းလာပြီး ထိန်းချုပ်နယ်မြေများ လက်လွတ်ဆုံးရှုံးခဲ့ရသည်။ ထိုမှုမက ၂၀၀၅ ခုနှစ်တွင် စစ်အစိုးရက PSLO ကို လက်နက်ဖြုတ်သိမ်းလိုက်သည်။[7] အပစ်ရပ် ကာလအတွင်း တအာင်းမျိုးနွယ်စုအသိုင်းအဝိုင်းများတွင် မူးယစ်ဆေးဝါးပျံ့နှံ့မှုစတင်လာခဲ့သည်။ လူ့အခွင့်အရေးအဖွဲ့အချို့၏အဆိုအရ မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်းမှာ ကြောက်ခမန်းလိလိမြင့်တက် ခဲ့သည်ဟုသိရသည်။[8] မူးယစ်ဆေးဝါးပျံ့နှံ့မှုသည် ၎င်းတို့၏ ဝိသေသလက္ခဏာများနှင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရရေးတိုက်ပွဲကို "ရိုက်ချိုးပစ်ရန်" ရည်ရွယ်သော စစ်တပ်၏မဟာအကြံအစည်ဖြစ် ကြောင်း အခြားမျိုးစုငယ်များနည်းတူ တအာင်းတို့ကယုံကြည်လာကြသည်။

သို့ရာတွင် တအာင်းတို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေးအတွက် ဆက်လက်တိုက်ပွဲဝင်ခဲ့သည်။ မူးယစ်ဆေးဝါးသုံးစွဲမှုပြဿနာကြီးမားလာပြီး PSLO အဖွဲ့အင်အားချိနဲ့သွားချိန်တွင် မိမိကိုယ်ကို ကာကွယ်ရန် လက်နက်ကိုင်တပ်ဖွဲ့အသစ်တစ်ခုရှိရမည်ဟူသည့် ယုံကြည်ချက်များ တအာင်းများ အကြားတွင် ခိုင်မာလာသည်။ သို့သော် လက်နက်ကိုင်တပ်ဖွဲ့တစ်ခု ပေါ်ပေါက်လာရန် နှစ်ပေါင်း များစွာကြာမြင့်ခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် စစ်တပ်နှင့် အပစ်ရပ်ပြီးနောက် လအနည်းငယ်အကြာ တွင် မကျေနပ်သည့်အဖွဲ့ဝင်အချို့ PSLO မှ ခွဲထွက်သွားကြပြီး ပလောင်ပြည်လွတ်မြောက်ရေး တပ်ဦး (PSLF) ကို တည်ထောင်လိုက်ကြသည်။ စတင်တည်ထောင်စဉ်က PSLF သည် ထိုင်း - မြန်မာနယ်စပ်တွင်အခြေစိုက်သည့် နိုင်ငံရေးအဖွဲ့အစည်းတစ်ခုသာဖြစ်ခဲ့ပြီး လက်နက်ကိုင်တပ်ဖွဲ့ မဟုတ်ပေ။[9] ၂၀၀၀ ပြည့်လွန်နှောင်းပိုင်းနှစ်များတွင် စစ်အစိုးရသည် နိုင်ငံအတွင်းရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အများအပြားကို ၎င်း၏ကွပ်ကဲမှုအောက်ရှိ နယ်ခြားစောင့်တပ်များအဖြစ် အသွင်ပြောင်းရန် ဖိအားပေးခဲ့ပြီး ၎င်းတို့အကြားစုစည်းမှုကို ခိုင်မာအောင်တည်ဆောက်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် PSLF သည် ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့ တအာင်းအမျိုးသားလွတ်မြောက်ရေး

[6] ၂၀၀၆ ခုနှစ်တွင် ပလောင်အမျိုးသမီးအဖွဲ့အစည်းမှထုတ်ပြန်ခဲ့ပြီး ဗမာပြည်ရှိ မူးယစ်ဆေးစွဲပလောင်အမျိုးသမီးများ၏ အဖြစ်ကို လေ့လာထားသည့် "အဆိပ်သင့်သောပန်းများ" အစီရင်ခံစာ စာမျက်နှာ၂။

[7] လက်နက်ဖြုတ်သိမ်းအရေးအစီအစဉ်တစ်ရပ်အဖြစ် စစ်အစိုးရက PSLO ကို ပြည်သူ့စစ်အဖြစ် အသွင်ပြောင်းစေခဲ့သည်။ လူသူအင်အားလျှော့ချပြီး လိုအပ်ပါက စစ်တပ်ကို တိုက်ခိုက်ရေးတွင် ကူညီရန်လည်းဖြစ်သည်။ ၂၀၁၂၊ အောက်တိုဘာ ၁၅ ရက်တွင် PSLF မှထုတ်ပြန်သည့် "တအာင်းလူမျိုးများအကြောင်းမိတ်ဆက်နှင့် လက်ရှိတအာင်းဒေသတွင်း စစ်ရေး အခြေအနေ"ဟူသည့်ဆောင်းပါးကို ကိုးကားသည်။ ပြည်သူ့စစ်အကြောင်းကို အာရှဖောင်ဒေးရှင်းက ၂၀၁၆ ၊ ဇူလိုင်တွင် ထုတ်ဝေသည့် "မြန်မာနိုင်ငံမှ ပြည်သူ့စစ်အဖွဲ့များ" စာတမ်းကို ဖတ်ရှုရန်။

[8] "အဆိပ်သင့်သောပန်းများ" အစီရင်ခံစာကို ကိုးကားသည်။

[9] ယင်းကာလအတွင်း PSLF ခေါင်းဆောင်များသည် ထိုင်းနိုင်ငံမြောက်ပိုင်းတွင်အခြေချသည့် တအာင်းအရပ်ဘက်အဖွဲ့ များနှင့် နီးကပ်သောဆက်ဆံရေး တည်ဆောက်ခဲ့သည်။ လက်ရှိ ရှမ်းမြောက်ဒေသတွင် TNLA နှင့် တအာင်းအရပ်ဘက် အဖွဲ့များကြားရှိ ဆက်ဆံရေးကဲ့သို့ဖြစ်သည်။

တပ်မတော် (TNLA) ကို KIO အဖွဲ့၏အကူအညီဖြင့် တည်ထောင်လိုက်သည်။ KIO က TNLA ကို စစ်သင်တန်းပေးရုံမက လက်နက်လည်းထောက်ပံ့ခဲ့သည်။[10]

TNLA သည် လက်နက်ကိုင်အဖွဲ့၏ အမည်နာမတစ်ရပ်ဖြစ်သလို အမျိုးသားလက္ခဏာ တည်ဆောက်ခြင်းလည်းဖြစ်သည်။[11] ၎င်းတို့ မိမိကိုယ်ကိုရည်ညွှန်းရာတွင်သုံးသည့် "တအာင်း" ဟူသောအမည်နာမကို လက်နက်ကိုင်တပ်ဖွဲ့အမည်အဖြစ် အသုံးပြုခြင်းဖြင့် PSLF အဖွဲ့သည် "မျိုးနွယ်စုဆိုင်ရာ စုပေါင်းဝိသေသလက္ခဏာကို ပြောင်းလဲပုံဖော်"ခဲ့သည်။[12] ယင်းသို့ဖြင့် TNLA သည် တအာင်းတို့အစဉ်တစိုက်နေထိုင်လာသည့် မွေးရပ်မြေဒေသရှိ လူအများကိုသာမက ရှမ်းပြည်နယ်အတွင်းရှိ အခြားဒေသများ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့တွင်နေထိုင်ကြသည့် တအာင်း မျိုးနွယ်စုဝင်များကိုပါ သြဇာလွှမ်းမိုးရန်ကြိုးပမ်းခဲ့သည်။[13] "တအာင်း"ဟူသည့်အမည်နာမကို အသုံးပြုခြင်းသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းပြီးမြို့နယ်နှစ်ခု (နမ့်ဆန် နှင့် မန်တုံ)သာပါဝင်သည့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏တည်ရှိမှုကို အသိအမှတ်မပြုခြင်း လည်းဖြစ်သည်။[14] TNLA အဖွဲ့၏ရည်မှန်းချက်မှာ စစ်မှန်သည့်ဖက်ဒရယ်စနစ်အတွင်း ရှမ်း ပြည်နယ်၏ အစိတ်အပိုင်းအချို့ပါဝင်ပြီး ပိုမိုကျယ်ပြန့်သည့် "တအာင်းပြည်နယ်" ပေါ်ထွန်းလာရေး ဖြစ်သည်။[15] နိုင်ငံရေးဦးဆောင်အဖွဲ့၏အမည်တွင် "ပလောင်"ဟူသည့်အသုံးအနှုန်းကို ဆက်လက် သုံးစွဲခြင်းဖြင့် လက်ရှိနိုင်ငံရေးရည်မှန်းချက်သည် အတိတ်ကာလကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေး တောင်းဆိုမှုတိုက်ပွဲများမှ ဆင်းသက်လာသည်ကို ဖော်ပြခြင်းလည်းဖြစ်သည်။[16]

## (ခ) အင်အားကြီးထွားလာခြင်း

၂၀၁၁ မှ ၂၀၂၁ ခုနှစ်အထိ မြန်မာ့နိုင်ငံရေးဖြေလျှော့မှုကာလအတွင်း TNLA သည် မြန်မာပြည်အတွင်း အင်အားအကြီးဆုံးတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနက် တစ်ခုဖြစ် လာသည်။ အထူးသဖြင့် စတင်တည်ထောင်စဉ်က TNLA သည် အဓိကမဟာဗျူဟာတစ်ရပ် အဖြစ် မူးယစ်ဆေးဝါးပျံ့နှံ့မှုကို အပြင်းအထန်တိုက်ဖျက်ခဲ့ပြီး ဆေးစွဲသူများကို ပြန်လည်ထူ

[10] ၂၀၂၀၊ စက်တင်ဘာ၂၂ရက်တွင် Frontier သတင်းဌာနမှဖော်ပြသည့် “Brothers torn apart: As TNLA grows stronger, tensions rise in northern Shan” (ညီအစ်ကိုများအကြားက အကွဲအပြဲ၊ တအာင်းတပ် အင်အားကြီးလာသည်နှင့်မျှ ရှမ်းမြောက်တွင် တင်းမာမှုများကြီးထွားလာ) ဆောင်းပါးကို ကိုးကားသည်။

[11] TNLA အဖွဲ့ကို အမျိုးသားအများစုဖြင့် ဖွဲ့စည်းထားသည်။ အခန်း၄ (ဃ)တွင် ဖော်ပြထားသကဲ့သို့ အချို့ဌာနများတွင် အမျိုးသမီးပါဝင်မှုမြှင့်တင်ရန် TNLA က မူဝါဒအချို့ ဖော်ဆောင်နေပြီဖြစ်သည်။

[12] Francesco Buscemi ရေးသားပြီး Torino World Affairs Institute က ၂၀၂၂၊ ဒီဇင်ဘာ၊ ၁ရက်တွင် ဖော်ပြသည့် “Weapons and Ethnonational Geographies in the Borderlands: The Case of the Ta’ang Rebel Movements in Myanmar” (မြန်မာနိုင်ငံအတွင်းက တအာင်းပုန်ကန်သူတို့၏ လှုပ်ရှားမှု) စာတမ်းကို ကိုးကားသည်။

[13] အထက်ဖော်ပြပါ စာတမ်းမှပင် ကိုးကားသည်။

[14] အထက်ဖော်ပြပါ စာတမ်းမှပင် ကိုးကားသည်။

[15] “Brief Introduction about Ta’ang People” (တအာင်းလူမျိုးများအကြောင်း အကျဉ်းချုပ်မိတ်ဆက်) ဆောင်းပါးမှ ကိုးကားသည်။

[16] နှစ်စဉ်ဇန်နဝါရီ၊ ၁၂ရက်နေ့ကို တအာင်းအမျိုးသားတော်လှန်ရေးနေ့အဖြစ် TNLA က သတ်မှတ်သည်။ အဆိုပါနေ့သည် PNF (၁၉၆၃)၊ PSLO (၁၉၇၆) နှင့် PSLF (၁၉၉၂) တို့ဖွဲ့စည်းခဲ့သည့် နေ့ရက်များပင်ဖြစ်သည်။

ထောင်ရေးစခန်းများတွင် အတင်းအကျပ်ဆေးဖြုတ်စေခဲ့သည်။ ယင်းက တအာင်းလူမျိုးများအကြား အထူးရေပန်းစားသည်။[17] ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ဝေးလံခေါင်သီဒေသများတွင် ခြေကုပ်ရယူပြီးနောက်ပိုင်းတွင် TNLA အဖွဲ့၏သြဇာသည် အလျင်အမြန်ကြီးထွားလာသည်။ ထို့ပြင် ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့အင်အားကိုလည်း အကြီးအကျယ်တိုးချဲ့ခဲ့သည်။ ထိုသို့တိုးချဲ့ရန်လိုအပ်သောစစ်သည်များကို သား၊ သမီး တစ်ဦးထက်ပိုသော တအာင်းမိသားစုများထံမှ တစ်အိမ်လျှင် သား၊ သမီး တစ်ဦးစီ လက်နက်ကိုင်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ရန် အတင်းအကျပ်ဖိအားပေးကာ လူသစ်စုဆောင်းခဲ့သည်။[18] မကြာမီ TNLA သည် စစ်တပ်နှင့် သာမက စစ်တပ်လက်ဝေခံပြည်သူ့စစ်များနှင့်ပါ ပစ်ခတ်ထိတွေ့တိုက်ပွဲများဆင်နွှဲလာနိုင်သည်။

အင်အားကြီးထွားလာသော်လည်း ၂၀၁၁ ခုနှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်စတင်ခဲ့သည့် သမ္မတဦးသိန်းစိန်သည် ၎င်း၏လက်ထက်အတွင်း များသောအားဖြင့် TNLA ကို အပစ်ရပ်ဆွေးနွေးပွဲများတွင်ပါဝင်ခွင့်မပြုဘဲ ဘေးထုတ်ထားခဲ့သည်။ ၂၀၁၁ မှ ၂၀၂၂ ခုနှစ်အတွင်း အုပ်ချုပ်ခဲ့သည့် အရပ်သားတစ်ပိုင်းအစိုးရများနှင့် နှစ်ဘက်သဘောတူအပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးခြင်းမရှိသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့တွင် TNLA လည်းပါဝင်သည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) စာသားမူကြမ်းအတွက် စုပေါင်းညှိနှိုင်းဆွေးနွေးပွဲများတွင် TNLA ပါဝင်ခဲ့သည်။ သို့သော် စစ်တပ်ဖိအားကြောင့် သမ္မတဦးသိန်းစိန်သည် NCA စာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် လက်မှတ်ရေးထိုးသောအခါ TNLA ကိုဖယ်ထုတ်ထားခဲ့သည်။ (ယင်းအတွက် အကြောင်းပြချက်အမျိုးမျိုးပေးခဲ့သည့်တိုင် အဓိကရည်ရွယ်ချက်မှာ NCA လုပ်ငန်းစဉ်တွင် "အဖွဲ့သစ်များ" ပါဝင်လာမည်ကို တားဆီးလို၍ဖြစ်သည်။)[19] စစ်ရေးတင်းမာမှုမြင့်တက်လာသည့်အပြင် အဖွဲ့အများအပြားကို ငြိမ်းချမ်းရေးလုပ်ငန်း

---

[17] ၂၀၁၅၊ မတ်၊ ၂၄ရက်တွင် ဧရာဝတီသတင်းဌာနက ဖော်ပြသည့် “On a mission: Destruction of opium” ဆောင်းပါးကို ကိုးကားသည်။

[18] အဆိုပါမူဝါဒအရ အခြေအနေအချို့တွင် အမျိုးသမီးများကို အတင်းအဓမ္မ တပ်သားသစ်အဖြစ် စုဆောင်းလေ့ရှိသည်။ သားယောကျ်ားတစ်ဦးတည်းသာရှိသည့် မိသားစုများထံမှ TNLA က တပ်သားသစ်စုဆောင်းလေ့မရှိပေ။ ယင်းသို့ဖြစ်ရသည်မှာ ငယ်ရွယ်သော သားယောကျ်ားလေးမရှိလျှင် နောင်တွင် မိသားစုရပ်တည်ရေး ခက်ခဲနိုင်သည်ဆိုသည့် ယုံကြည်ချက်ကြောင့်ဖြစ်သည်။ ယင်းအကြောင်းပြချက်ကြောင့်ပင် တစ်ဦးတည်းသော သား၊ သမီးရှိသည့် မိသားစုများထံမှ TNLA က တပ်သားစုဆောင်းလေ့မရှိပေ။ မိသားစုတစ်ခုတွင် သမီးနှစ်ဦးနှင့် သားတစ်ဦးရှိပါက သမီးနှစ်ဦးအနက် တစ်ဦးကို TNLA က တပ်သားသစ်အဖြစ် စုဆောင်းသည်။ သို့ရာတွင် လက်တွေ့၌ သားယောကျ်ားလေးက သမီးများအစား တပ်သားသစ်အဖြစ် မိမိဆုံးဖြတ်ချက်အရ စာရင်းပေးသွင်းနိုင်သည်။ အလားတူ သားယောကျ်ားမရှိဘဲ သမီးမိန်းကလေး တစ်ဦးထက်ပိုသော မိသားစုများသည် မိန်းကလေးတစ်ဦးကို တပ်သားသစ်အဖြစ် TNLA ကို စေလွှတ်ရလေ့ရှိသည်။

[19] အဖွဲ့အသစ်များကို နိုင်ငံရေးအရ အသစ်အမှတ်ပြုလျှင် လက်နက်ကိုင်အဖွဲ့သစ်များ ဆက်လက်ထွက်ပေါ်လာလိမ့်မည်ဟု စစ်တပ်အရာရှိများက ဆိုသည်။ ၂၀၁၆၊ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရလက်ထက်တွင် ကျင်းပသည့် ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (ထိုစဉ်က ၂၁ ရာစုပင်လုံညီလာခံအဖြစ် လူသိများသည်) သို့ TNLA အဖွဲ့ကို တက်ရောက်ခွင့်မပြုခဲ့ပေ။ Transnational Institute မှ ၂၀၂၃၊ ဧပြီလတွင် ထုတ်ဝေသည့် The Nationwide Ceasefire Agreement in Myanmar: Promoting Ethnic Peace or Strengthening State Control? (တစ်နိုင်ငံလုံးအပစ်ရပ်စာချုပ်၊ တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေးကို ဦးတည်သလော? အစိုးရထိန်းချုပ်မှုကို အသာစီးပေးနေသလော?) ဟု အမည်ပေးထားသော စာတမ်း၊ စာမျက်နှာ ၃၃ ကို ကြည့်ရန်။

စဉ်မှ ဖယ်ထုတ်ခြင်း၏အကျိုးဆက်အဖြစ် အဆိုပါအဖွဲ့များသည် နိုင်ငံရေးအရ စုပေါင်းမိသွားပြီး တိုက်ပွဲများပူးတွဲဖော်ဆောင်သည်အထိ စစ်ရေးအရပါ နီးစပ်သွားစေခဲ့သည်။[20]

၂၀၁၅ ခုနှစ်နှောင်းပိုင်း မြန်မာစစ်တပ်နှင့် အပြင်းအထန်စစ်ဆင်နွှဲနေစဉ် TNLA အဖွဲ့အတွက် ရန်သူသစ်ထပ်တိုးလာသည်။ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် အစိုးရနှင့် NCA စာချုပ် လက်မှတ်ရေးထိုးပြီးနောက်ပိုင်း ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) သည် ၎င်းအခြေချရာ ရှမ်းပြည်နယ်အလယ်ပိုင်းနှင့် တောင်ပိုင်းတို့မှ မြောက်ပိုင်းသို့ စတင်ဝင်ရောက်လာတော့သည်။ ယင်းဖြစ်စဉ်တစ်ခုလုံးကို စစ်တပ်က ကူညီခဲ့ကြောင်း စွပ်စွဲမှုများထွက်ပေါ်ခဲ့သည်။ သို့ဖြစ်ရာ TNLA မှတစ်ဘက်၊ RCSS နှင့် စစ်တပ်မှ တစ်ဘက်ဖြင့် တိုက်ပွဲများအပြင်းအထန်ဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲများအတွင်း အရပ်သားထိခိုက်၊ သေကြေ၊ ဒဏ်ရာရရှိမှု အလွန်မြင့်မားခဲ့ပြီး တအာင်းနှင့် ရှမ်းလူမျိုးများအကြား လူမျိုးရေးတင်းမာမှုမှာ ဆိုးရွားစွာမြင့်တက်ခဲ့သည်။[21]

၂၀၁၁မှ ၂၀၂၁ ခုနှစ်အထိ နိုင်ငံရေးဖြေလျှော့မှုကာလတစ်လျှောက် TNLA သည် စစ်တပ်ကို သာမက စစ်တပ်လက်ဝေခံပြည်သူ့စစ်များ၊ အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုပါ စစ်မက်ခင်းရင်းဖြင့် အချိန်ကုန်ခဲ့သည်။ အုပ်ချုပ်ရေးယန္တရားဖော်ဆောင်ရန် သို့မဟုတ် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန် အချိန်မရှိခဲ့ပေ။[22] TNLA အဖွဲ့ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသအချို့တွင် စစ်ရေးခြေကုပ်ရယူနိုင်ခဲ့သည့် ၂၀၁၈ ခုနှစ်တွင်မူ အခြေအနေမှာ တစ်နည်းတစ်ဖုံ ပြောင်းလဲသွားခဲ့သည်။ တစ်ဆက်တည်း အဆိုပါကာလတွင် စစ်တပ်နှင့် အပစ်ရပ်စဲရေး အလွတ်သဘောတူညီချက်ရယူခဲ့သည့် KIO အဖွဲ့ထံမှ TNLA သည် ခပ်ခွာခွာနေလိုက်ပြီး UWSA ကိုမူ အနီးကပ်ဆက်ဆံသည်။ ထို့နောက် TNLA သည် ၎င်း၏အဖွဲ့ဝင်များကို UWSA ထံတွင် အုပ်ချုပ်ရေးပညာရပ်များ လေ့လာသင်ယူစေခဲ့သည်။ ယင်းနောက်ပိုင်းတွင်

[20] ၂၀၁၆တွင် TNLA အဖွဲ့သည် KIO အဖွဲ့၏ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တပ်မဟာအချို့ ရက္ခိုင့်တပ်တော်၊ မြန်မာ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်တို့နှင့် မြောက်ပိုင်းမဟာမိတ်အဖွဲ့ကိုဖွဲ့စည်းကာ အကြီးစားစစ်ဆင်ရေးများ ပူးတွဲဖော်ဆောင်ခဲ့သည်။ နောက်တစ်နှစ်တွင် UWSA မှ ဦးဆောင်၍ ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေး ကော်မတီကို ဖွဲ့စည်းခဲ့ရာ TNLA လည်းပါဝင်ခဲ့သည်။ ၂၀၁၉ တွင်မူ TNLAသည် AA ၊ MNDAAအဖွဲ့တို့နှင့် ပူးပေါင်းကာ ညီနောင်မဟာမိတ်အဖွဲ့ကို ဆက်လက်ဖွဲ့စည်းကာ စစ်ဆင်ရေးများဖော်ဆောင်ခဲ့သည်။ ညီနောင်မဟာမိတ်သုံးဖွဲ့သည် မြောက်ပိုင်းမဟာမိတ်အဖွဲ့ကို ဆက်ခံခဲ့ပြီး KIO နှင့် ၎င်းတို့အကြား လျော့ကျသွားသည့် ဆက်ဆံရေးကို ထင်ဟပ်စေခဲ့သည်။ ၂၀၁၇၊ ဇွန်၊ ၂၉ရက်တွင် ထုတ်ဝေသည့် Crisis Group ၏ အာရှအစီရင်ခံစာအမှတ် ၂၈၇၊ *Building Critical Mass for Peace in Myanmar* နှင့် ၂၀၁၉၊ စက်တင်ဘာ၊ ၂၄ရက်တွင် ထုတ်ဝေသော အာရှရေးရာအကျဉ်းချုပ်တင်ပြချက် အမှတ် ၁၅၈၊ *Myanmar: A Violent Push to Shake Up Ceasefire Negotiations* တို့ကို ကြည့်ရန်။

[21] ၂၀၂၂၊ မေ၊ ၃ရက်တွင် Transnational Institute မှ ဖော်ပြသည့် The Advance and Retreat of a Shan Army (ရှမ်းတပ်တစ်ခု၏ အတက်နှင့်အကျ) ဆောင်းပါးကို ကိုးကားသည်။ ၂၀၂၁၊ ဇန်နဝါရီ၊ ၂၆ရက်တွင် Frontier Myanmar က ဖော်ပြသည့် 'We will not let the RCSS rule': Shan State clashes stoke inter-ethnic tension ဆောင်းပါးကို ရည်ညွှန်းသည်။

[22] ၂၀၂၃၊ မေနှင့် ဇွန်တို့တွင် ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။

တအာင်းတပ်၏ အုပ်ချုပ်ရေးယန္တရားမှာ တိုးတက်စနစ်ကျလာပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုလုပ်ဆောင်လာနိုင်သည်။[23]

တစ်ချိန်တည်းတွင် စင်းလုံးချောမဟုတ်သည့်တိုင် ကြီးမားသည့်နိုင်ငံရေးဖြေလျှော့မှုကြောင့် တအာင်းအရပ်ဘက်နှင့် နိုင်ငံရေးအဖွဲ့အစည်းများ ပို၍လွတ်လွတ်လပ်လပ် လှုပ်ရှားလာနိုင်သည်။ နိုင်ငံရေးကဏ္ဍတွင် တအာင်းအမျိုးသားပါတီထွက်ပေါ်လာပြီး ၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင်ဝင်ပြိုင်ခဲ့သည်။ ယခင် ထိုင်းနိုင်ငံအခြေစိုက် တအာင်းအမျိုးသမီးအဖွဲ့အစည်း၊ တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး စသည့်တအာင်းအရပ်ဘက်အဖွဲ့များသည် ၂၀၁၂ ခုနှစ်မှစ၍ပြည်တော်ပြန်ကြသည်။ ယင်းနောက် ၎င်းတို့သည် လူငယ်နှင့် အမျိုးသမီးစွမ်းအားမြှင့်တင်ရေး၊ လူ့အခွင့်အရေးချိုးဖောက်မှုများမှတ်တမ်းတင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးတို့တွင် တက်တက်ကြွကြွ ပါဝင်လာကြသည်။ ခေတ်အဆက်ဆက်တားမြစ်ခံခဲ့ရသည့် တိုင်းရင်းသားစာပေနှင့် ဘာသာစကားများကို စာသင်ကျောင်းများတွင်သင်ကြားရန် သမ္မတဦးသိန်းစိန်က ပြန်လည်ခွင့်ပြုခဲ့ရာ တအာင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီများ အပြိုင်းအရိုင်းပေါ်ထွက်လာပြန်သည်။ ထို့ပြင် လျှပ်စစ်မီးပိုမိုရရှိလာပြီး လမ်းပန်းဆက်သွယ်ရေးပိုကောင်းလာရုံမက မိုဘိုင်းအင်တာနက်အပါအဝင် ဆက်သွယ်ရေးအခြေခံအဆောက်အအုံများ သိသိသာသာဖွံ့ဖြိုးတိုးတက်လာသည်။ ယင်းအခြေအနေတွင် TNLA က နေရာဒေသ၊ အရပ်မရွေးနေထိုင်ကြသော တအာင်းလူမျိုးများအားလုံးကို ဆက်သွယ်၍ အဖွဲ့အစည်း၏ရပ်တည်ချက်နှင့် ရည်မှန်းချက်များကို ရှင်းပြလာနိုင်ခဲ့သည်။[24] အဆိုပါအခြေခံဖွံ့ဖြိုးတိုးတက်မှုများက TNLA ၏ အမျိုးသားလက္ခဏာတည်ဆောက်ရေးရည်မှန်းချက်ကို အထောက်အကူဖြစ်စေခဲ့သည်။ ဥပမာအားဖြင့် TNLA သည် တအာင်းအနွယ်ဝင်မျိုးနွယ်စုအားလုံးကို တစ်ခုတည်းသော တအာင်းဘာသာစကားအောက်တွင် ညီညွတ်စုစည်းနိုင်ခဲ့သည်။ တအာင်းဘာသာစကားကို TNLA မှ ဖွင့်လှစ်ထားသောစာသင်ကျောင်းများတွင် ယနေ့အထိ သင်ကြားလျက်ရှိသည်။[25]

---

[23] ၂၀၂၃၊ မေတွင် Crisis Group က တာဘုန်းကျော်နှင့် ဆက်သွယ်မေးမြန်းခဲ့သည်။ UWSA အဖွဲ့သည် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ တရုတ်မြန်မာနယ်စပ်တွင် ကိုယ်ပိုင်နယ်မြေတစ်ခုကို အပြည့်အဝ အုပ်ချုပ်လျက်ရှိသည့်အပြင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ထိုင်း-မြန်မာနယ်စပ်အနီးတွင်လည်း နယ်မြေအချို့ကို ထိန်းချုပ်ထားသည်။

[24] ၂၀၁၉၊ ဖေဖော်ဝါရီမတိုင်မီ ဖေ့စ်ဘွတ်ခ်က မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များကို ၎င်း၏ပလက်ဖောင်း အသုံးပြုခွင့်ပိတ်ပင်သောအခါ TNLA အဖွဲ့သည် လူမှုကွန်ရက်မီဒီယာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေပြီဖြစ်သည်။ အာဏာသိမ်းမှုနောက်ပိုင်း TNLAသည် လူမှုကွန်ရက်ကို ပြန်လည်အသုံးပြုလာသည်။ သို့သော် ဖေ့စ်ဘွတ်ခ်၏ တားမြစ်ချက်ကြောင့် PSLF သို့မဟုတ် TNLA အစရှိသည့် စာလုံးများကို ရှောင်ရှားလေ့ရှိသည်။ Stein Tonneson ၊ Min Zaw Oo နှင့် Ne Lynn Aung တို့ရေးသားပြီး *Journal of Contemporary Asia* (၂၀၂၂၊ အတွဲ ၅၂၊ အမှတ် ၂) တွင်ပါရှိသည့် Pretending to Be States: The Use of Facebook by Armed Groups in Myanmar ဆောင်းပါးကို ကိုးကားသည်။

[25] Kojima ရေးသားသည့် Palaung Orthographies (ပလောင်ဟူသော အသုံးအနှုန်းကို လေ့လာခြင်း) ဆောင်းပါးကို ရည်ညွှန်းသည်။

# (၃) **အာဏာသိမ်းမှုအလွန် အဖွဲ့ရပ်တည်ချက်**

၂၀၂၁၊ ဖေဖော်ဝါရီစစ်အာဏာသိမ်းမှုကြောင့် နိုင်ငံရေးဖြေလျှော့မှုကာလအတွင်း အရှိန်ရ လာသည့် တအာင်းတို့၏ အမျိုးသားလက္ခဏာတည်ဆောက်ရေးလုပ်ငန်းလည်း ရပ်တန့်သွား သည်။ ထိုချိန်မှစ၍ TNLA ၏အဖြစ်သည် နိုင်ငံရေးကြိုးတန်းရှည်ပေါ် လျှောက်လှမ်းရသကဲ့သို့ ဖြစ်လာသည်။ ၎င်းတို့၏အကျိုးစီးပွား၊ စံနှုန်းများနှင့် ထပ်တူကျသဖြင့် TNLA ခေါင်းဆောင်များနှင့် ဝန်းရံသူများသည် ယေဘုယျအားဖြင့် နိုင်ငံတစ်ဝန်းမှ အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုအပေါ် ကရုဏာသက်သည်။ သို့သော် မိမိအဖွဲ့၏ နိုင်ငံရေးရည်မှန်းချက်နှင့် အဓိကမဟာမိတ်များ၏ လိုလားချက်အရ TNLA သည် စစ်တပ်ဆန့်ကျင်ရေးအင်အားစုများနှင့် လူသိရှင်ကြားပူးပေါင်း ဆောင်ရွက်ခဲ့ခြင်းမရှိပေ။ ထို့ကြောင့် စစ်တပ်၊ တရုတ်နိုင်ငံ၊ အခြားတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များသာမက NUG အပါအဝင် အာဏာသိမ်းမှုဆန့်ကျင်ရေးလက်နက်ကိုင်တပ်ဖွဲ့များ စသည့် ဘက်ပေါင်းစုံ၊ အဖွဲ့ပေါင်းစုံနှင့် ၎င်း၏ကြားရှိဆက်ဆံရေးကို TNLA အနေဖြင့် သတိကြီးစွာ ထိန်းညှိခဲ့ရသည်။ ယင်းကဲ့သို့ဘက်ပြိုင်တည်ရှိနေသော အထိအခိုက်မခံသည့်ဆက်ဆံရေးများ ကြောင့်ပင် NUG အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ခိုင်မာသောဆက်ဆံရေး တည်ဆောက်ရာတွင် အခက်အခဲများကြုံတွေ့ရလျက်ရှိနေသည်။

## (က) မလွဲသာမရှောင်သာ အပစ်အခတ်ရပ်စဲမှု

စစ်အာဏာသိမ်းချိန်မှစ၍ စစ်တပ်နှင့် TNLA နှစ်ဖွဲ့လုံးသည် အလွန်လက်တွေ့ဆန်သော အကြောင်းရင်းများကြောင့် တတ်နိုင်သမျှ တိုက်ပွဲမဖြစ်အောင်နေခဲ့ကြသည်။ နိုင်ငံတစ်ဝန်း တပ်ရင်း၊ တပ်ဖွဲ့များပြန့်ကျဲနေစဉ် စစ်တပ်သည် အင်အားတောင့်တင်းသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်ပါ ထပ်ပြီးစစ်တိုက်ရမည့်အဖြစ်မျိုး မလိုလားပေ။ တစ်ဘက်တွင်လည်း TNLA က အပစ်ရပ်ထားချိန်ကို အခွင့်ကောင်းယူ၍ "တအာင်းပြည်နယ်"ဟု ၎င်းသတ်မှတ်သည့် နယ်မြေများမှ အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား တိုက်ထုတ်ခဲ့သည်။ ထိုနယ်မြေတွင် အုပ်ချုပ်ရေးယန္တရားတစ်ရပ် အခိုင်အမာတည်ဆောက်သည့်အပြင် အများပြည်သူကောင်းကျိုး အတွက် ဝန်ဆောင်မှုအစီအစဉ်များ ဖော်ဆောင်ခဲ့သည်။ ရလဒ်အဖြစ် ခေတ်အဆက်ဆက် ပြည်တွင်းစစ်ဒဏ်အခံရဆုံးဒေသများအနက် တစ်ခုဖြစ်သည့် တအာင်းမြေတွင် သေနတ်သံများ ငြိမ်သက်သွားသည်။ သို့တိုင် နိုင်ငံတစ်ဝန်း သွေးထွက်သံယို၊ ရက်စက်ကြမ်းကြုတ်မှုများက ၁၉၅၀ ပြည့်လွန်နှစ်များက အခြေအနေများထက်ပင် ပိုမိုဆိုးရွားလာသည်။[26] TNLA ခေါင်းဆောင်များက အရေးပါသည့်မြို့ကြီးများကို တိုက်ခိုက်သိမ်းယူရန် အစီအစဉ်မရှိဟုဆိုသည်။ သို့သော် "တအာင်း လူမျိုးများ အများစုနေထိုင်သောဒေသများ"ကိုမူ ၎င်းတို့၏ ထိန်းချုပ်နယ်မြေအတွင်းသို့ သွတ်သွင်းလိုသည့်ဆန္ဒရှိသည်။ ယင်းဒေသများကိုလေ့လာကြည့်ပါက TNLA အဖွဲ့ အစဉ်တစ်စိုက်

[26] ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မြန်မာအင်စတီကျုမှ ၂၀၂၂၊ မတ်တွင် ထုတ်ဝေသော Annual Peace & Security Review 2020-21 အစီရင်ခံစာတွင် ရှမ်းပြည်နယ်အတွင်း တိုက်ပွဲများနှင့်ပတ်သက်၍ အသေးစိတ်ဖတ်ရှုနိုင်ပါသည်။

အခြေပြုလှုပ်ရှားရာ နယ်မြေအပြင်ဘက်ရှိ မိုင်းကိုင်၊ မိုင်းရယ်နှင့် တန့်ယန်းကဲ့သို့သော ရှမ်းမြောက်ရှိ မြို့နယ်အချို့လည်းပါဝင်နေသည်။[27]

အာဏာသိမ်းမှုအလွန်တွင် TNLA နှင့် ထိတွေ့တိုက်ခိုက်မှုကိုရှောင်ရှားရန် စစ်တပ်သည် ၎င်း၏ တပ်ရင်း၊ တပ်ဖွဲ့အများအပြားကို ရှမ်းမြောက်ဒေသ အရေးပါသည့်မြို့ကြီးများမှ နိုင်ငံတစ်ဝန်းသို့ ပို့ဆောင်ခဲ့သည်။ တကယ်တမ်းတွင်မူ စစ်တပ်က ရှမ်းပြည်နယ်မြောက်ပိုင်းရှိ နယ်မြေအများအပြား ထိန်းချုပ်ထားမှုကို လက်လွှတ်လိုက်ရခြင်းပင်။[28] ၂၀၂၃ ခုနှစ်၊ နှစ်ဆန်းပိုင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တပ်ရင်း၊ တပ်ဖွဲ့အချို့ကို နိုင်ငံ၏အရှေ့တောင်ဘက်စစ်မြေပြင်သို့ပင် ပို့ဆောင်ခဲ့သည်။[29] သို့ဖြစ်ရာ နေရာဒေသအများအပြားတွင် TNLA ထိန်းချုပ်နယ်မြေ၏ နယ်နိမိတ်များမှာ မြေပြင်တွင် ကွက်ကွက်ကွင်းကွင်းပေါ်လာတော့သည်။ ဥပမာ – မြို့ကြီးအချို့တွင် စစ်တပ်၏ စခန်းများကိုဖြတ်သန်း၍ မိနစ်အနည်းငယ်ကျော်လွန်သွားပါက မြို့စွန်၊ မြို့ဖျားအရပ်များတွင် TNLA ၏ ဂိတ်စခန်းများမြင်တွေ့လာရသည်။[30] တအာင်းအလံများနှင့် တအာင်းအမှတ်တံဆိပ်ပါသော ဆိုင်းဘုတ်များကို နေရာတော်တော်များများတွင် မြင်တွေ့ရပြီး အရေးပါသည့် လမ်းမကြီးများတွင်ပင် တွေ့ရလေ့ရှိသည်။ မည်သို့ပင်ဆိုစေ ဇူလိုင်နှင့် ဩဂုတ်လအတွင်း စစ်တပ်နှင့် TNLA တို့ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ပြန်လည်ပစ်ခတ်တိုက်ခိုက်လာကြသည်။ တစ်ဒါဇင်မက အရေအတွက်ရှိသော တိုက်ပွဲများသည် အဝေးပြေးလမ်းမကြီးများနှင့် နီးကပ်စွာဖြစ်ပွားခဲ့သည်။ ယင်းက TNLA ၏ ထိန်းချုပ်မှုလက်တံ မည်မျှအထိရှည်လျားသည်ကို ပြသခဲ့သည်။ ဇူလိုင်လ ၂၇ ရက်နေ့တွင် စစ်တပ်သည် လားရှိုးမြို့နယ်ရှိ TNLA ၏တပ်စခန်းတစ်ခုကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ၎င်းတပ်စခန်းသည် အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တည်ရှိရာ လားရှိုးမြို့မှ ဆိုလျှင် ၁၀ ကီလိုမီတာခန့်သာကွာဝေးသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြို့ကြီးများနှင့် တရုတ်ပြည်သို့ ဆက်သွယ်ထားသည့် အဝေးပြေးလမ်းမကြီးတစ်လျှောက်ကို စစ်တပ်က ထိန်းချုပ်နိုင်သော်လည်း TNLA အဖွဲ့ကမူ ကျေးလက်ဒေသနေရာအများအပြားကို စိုးမိုးထားသည်။ အထူးသဖြင့် အဝေးပြေးလမ်းမကြီး၏မြောက်ဘက်နှင့် အနောက်ဘက်ခြမ်းရှိ တောင်တန်းဒေသများသည် TNLA စိုးမိုးနယ်မြေများဖြစ်သည်။[31] စစ်သားများသည် အဓိကလမ်းမကြီးများတစ်လျှောက်မှလွဲ၍ ၎င်းတို့အခြေစိုက်ရာမြို့များ၏

---

[27] Frontier Myanmar မှ ၂၀၂၂၊ ဖေဖော်ဝါရီ၊ ၄ရက်တွင် ဖော်ပြခဲ့သည့် Rising dragon: TNLA declares 'victory' in northern Shan State (အမြင့်ဘက်ရောက်နေတဲ့ နဂါး၊ TNLAက ရှမ်းမြောက်တွင် အောင်ပွဲများကြေညာ) ဆောင်းပါးကို ကိုးကားသည်။

[28] ၂၀၂၀နှောင်းပိုင်းမှစ၍ စစ်တပ်သည် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ၎င်း၏အင်အားကို လျှော့ချခဲ့ရာ ထိုအခြေအနေက "လုံခြုံရေးလေဟာနယ်"တစ်ခုကို ဖန်တီးလိုက်သည်။ အဆိုပါလုံခြုံရေးလေဟာနယ်မှာ အာဏာသိမ်းမှုအလွန်တွင် အရွယ်အစား ကြီးမားလာသည်။ ၂၀၂၃၊ ဧပြီမှ ဇွန်အတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။ Annual Peace & Security Review 2020-21 အစီရင်ခံစာ၊ စာမျက်နှာ ၁၁ ကိုလည်း ကြည့်ရှုရန်။

[29] ၂၀၂၃၊ ဇွန်တွင် International Institute of Strategic Studies မှ ထုတ်ဝေသည့် Battle for Kayah is key for Myanmar junta and its opponents ဆောင်းပါးကို ကိုးကားသည်။

[30] ၂၀၂၃၊ မေတွင် TNLA ထိန်းချုပ်နယ်မြေသို့ သွားရောက်ခဲ့သူတစ်ဦးနှင့် Crisis Group မှ ဆက်သွယ်မေးမြန်းချက်။

[31] ၂၀၂၃၊ ဧပြီမှ ဇွန်အတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။

အပြင်ဘက်သို့ပင် မထွက်ရဲကြပေ။[32] မြို့သိမ်းတိုက်ပွဲဆင်နွှဲလျှင် စစ်တပ်၏ အပြင်းအထန် တန်ပြန်တိုက်စစ်ဖြင့် ချေမှုန်းခံရနိုင်သဖြင့် ထိုသို့ပြုလုပ်ရန် TNLA တွင် အစီအစဉ်မရှိပေ။ သို့သော် အခြားနည်းလမ်းများဖြင့် ဖိအားပေးရန် ကြိုးပမ်းလျက်ရှိသည်။ ဥပမာ-အခွန်ကောက်ခြင်း၊ တပ်သားသစ်စုဆောင်းခြင်းနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ခြင်း (မြို့တွင်းဝင်ရောက်ကာ ၎င်း၏ပစ်မှတ်များကို ဖမ်းဆီးခြင်း) တို့ဖြစ်သည်။ TNLA ထိပ်ပိုင်းခေါင်းဆောင်များနှင့် နီးစပ်သူ တစ်ဦးက အောက်ပါအတိုင်း ရှင်းပြသည်။

"အာဏာသိမ်းမှုနောက်ပိုင်း လုပ်ရကိုင်ရပိုပြီးလွယ်ကူလာတယ်။ အရင်ကဆိုရင် စစ်တပ်က TNLA ရဲ့စခန်းတွေကို လိုက်တိုက်တာမျိုးရှိတယ်။ ... အခုသူတို့ဒီလိုမလုပ်တော့ဘူး။ ဥပမာ၊ အာဏာသိမ်းပြီးသိပ်မကြာခင် လားရှိုးမြို့နယ်အတွင်းက မဟာဗျူဟာကျတဲ့ တောင်ကုန်းတစ်ခုမှာ TNLA က အုပ်ချုပ်ရေးရုံးနဲ့ အခြေစိုက်စခန်းတစ်ခုဖွင့်လှစ်ခဲ့တယ်။ စစ်တပ်က အဲဒီနေရာကို သိတယ်။ ဒါပေမဲ့ ဘာမှတော့မလုပ်သေးဘူးပေါ့"[33]

မေလတွင် TNLA အဖွဲ့ဝင်များ လားရှိုးမြို့အတွင်းသို့ အတားအဆီးမရှိ ဝင်ရောက်ခဲ့သည်။ ရည်ရွယ်ချက်မှာ တပ်ဖွဲ့ဝင်များဖြင့် အင်အားပြရန်ဖြစ်ပြီး မြို့အတွင်း တပ်သားသစ်အချို့စုဆောင်းခဲ့ကာ မြို့မှ ချက်ချင်းပြန်လည်ထွက်ခွာခဲ့သည်။ TNLA အဖွဲ့က ၎င်း၏အင်အား မည်ရွေ့မည်မျှ ခိုင်မာတောင့်တင်းမှုကို ပြသခြင်းပင်။[34]

သို့တိုင် အာဏာသိမ်းမှုအလွန် ရှမ်းမြောက်ဒေသတွင် တိုက်ပွဲများ လုံးဝအဆုံးသတ်သွားသည် တော့မဟုတ်။ တစ်ဖွဲ့တည်းဖြစ်စေ၊ မဟာမိတ်တပ်ဖွဲ့များနှင့်ဖြစ်စေ TNLA သည် စစ်တပ် အခြေစိုက်စခန်းများနှင့် ရဲစခန်းများကို မကြာခဏပစ်ခတ်တိုက်ခိုက်ခဲ့သည်။ စစ်အာဏာသိမ်းမှုကို TNLA မှ ဆန့်ကျင်ကြောင်း မြန်မာပြည်အတွင်းရှိ ပြည်သူများကိုသာမက တအာင်းလူမျိုး ထောက်ခံသူများကိုပါ ပေးလိုသည့်သတင်းစကားဖြစ်သည်။ စစ်ရေးပစ်မှတ်များအား ဝင်ရောက် စီးနင်းတိုက်ခိုက်ခြင်းဖြင့် TNLA အဖွဲ့သည် ရှမ်းမြောက်ဒေသတွင် ၎င်း၏အင်အားကြီးထွား လာသည်ကို ပြသခြင်းလည်းဖြစ်သည်။[35]

မြန်မာစစ်တပ်ကလည်း ရံဖန်ရံခါထိုးစစ်ဆင်တတ်သည်။ အပြင်းထန်ဆုံးမှာ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်းဖြစ်ပွားခဲ့သည့် တိုက်ပွဲတစ်ခုဖြစ်သည်။ မြန်မာစစ်တပ်က ကွန်မန်ဒိုအထူး

[32] ၂၀၂၃၊ ဧပြီမှ မေအတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။

[33] ၂၀၂၃၊ မေတွင် TNLA ထိပ်ပိုင်းခေါင်းဆောင်များနှင့် ရင်းနှီးသော သတင်းရင်းမြစ်တစ်ဦးအား Crisis Group ၏ ဆက်သွယ်မေးမြန်းချက်မှ ကိုးကားသည်။

[34] ၂၀၂၃၊ မေ၊ ၁၅ရက်တွင် ရှမ်းသံတော်ဆင့်သတင်းဌာနမှ မြန်မာဘာသာဖြင့် ဖော်ပြသည့် "လားရှိုးမြို့ပေါ်ထိ TNLA စစ်သားကောက်ယူနေ၊ သျှမ်းလူမျိုးများပါ ဖမ်းဆီးခေါ်သွား" ဟူသောသတင်းမှ ကိုးကားသည်။ အဆိုပါသတင်းဌာနမှ ၂၀၂၃၊ ဇွန်၊ ၁၃ရက်တွင် အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြသည့် TNLA advancement reaches urban areas: A new frontier ဆောင်းပါးကို ကိုးကားသည်။

[35] ၂၀၂၃၊ မေမှ ဇွန်အတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။ RFA သတင်းဌာနမှ ၂၀၂၁၊ ဧပြီ၊ ၁၀ရက်တွင် ဖော်ပြခဲ့သည့် Ethnic army alliance kills 14 Myanmar police in dawn raid as death toll mounts in Bago ဆောင်းပါးကို ကိုးကားသည်။

စစ်ဆင်ရေးတပ်ဖွဲ့တစ်ဖွဲ့ကို ရဟတ်ယာဉ်များဖြင့်စေလွှတ်ခဲ့၍ နမ့်ဆန်မြို့နယ်အတွင်းရှိ TNLA ၏ တပ်စခန်းသုံးခုအနက် တစ်ခုကိုတိုက်ခိုက်ခဲ့သည်။[36] သို့သော် နောက်ပိုင်းတွင် စစ်တပ်က ၎င်းနှင့် TNLA ကြားမှ "နားလည်မှုလွဲမှားခြင်း"သာဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။ ထိုတိုက်ခိုက်မှု၏ အဓိကပစ်မှတ်မှာ TNLA ၏ ထိန်းချုပ်နယ်မြေကိုအသုံးချ၍ စစ်ကိုင်းတိုင်းသို့ လက်နက်၊ ခဲယမ်း သယ်ယူပို့ဆောင်သည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ (PDF)များဖြစ်သည်ဟု စစ်တပ်ကဆိုသည်။ တအာင်းတပ်ဖွဲ့၏ပစ်ခတ်မှုကို မိမိတို့ဘက်မှ ပြန်လည်တုံ့ပြန်ခဲ့ခြင်းမရှိဟု စစ်တပ်ကဆိုခဲ့သည်။[37] အာဏာသိမ်းမှုဆန့်ကျင်ရေးလက်နက်ကိုင်အဖွဲ့များကို မကူညီရန် TNLA အား စစ်တပ်က ထိုတိုက်ခိုက်မှုဖြင့် သတိပေးလိုက်ခြင်းဖြစ်သည် (အပိုင်း (၃) (ခ)ကို ကြည့်ရန်)။ လက်ရှိချိန်အထိ တအာင်းတပ်အပေါ် အလားတူတိုက်ခိုက်မှုမျိုး စစ်တပ်က ထပ်မံပြုလုပ်ခြင်းမရှိသေးပေ။ ဧပြီနှင့် မေလတွင် TNLA မှကူညီထားသည့် PDF အဖွဲ့များသည် စစ်တပ်ကို မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၏ နယ်စပ်ဒေသတွင် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ PDF အဖွဲ့များ အခြေအနေ မဟန်သဖြင့် TNLA ထိန်းချုပ်နယ်မြေအတွင်းသို့ တပ်ဆုတ်ခဲ့သည့်တိုင် စစ်တပ်က လိုက်လံ တိုက်ခိုက်ခဲ့ခြင်းမပြုပေ။ အထူးသဖြင့် TNLA အဖွဲ့နှင့် ထိပ်တိုက်တွေ့မည်ကို ရှောင်ရှားလိုခြင်း လည်းဖြစ်သည်။[38] အထက်တွင်ဖော်ပြသကဲ့သို့ TNLA နှင့် စစ်တပ်အကြား ဇူလိုင်နှင့် ဩဂုတ်လ တို့တွင် တိုက်ပွဲများပြန်ဖြစ်ခဲ့သည်။

သို့တိုင် အထက်ပါဖြစ်စဉ်များကိုကြည့်လျှင် နှစ်ဘက်လုံးက တိုက်ပွဲမဖြစ်ရန် တတ်နိုင်သမျှ ထိန်းကြသည်။ စစ်တပ်နှင့် TNLA အဖွဲ့တို့သည် နောက်ကွယ်တွင် ဆက်သွယ်ရေးလမ်းကြောင်း များဖွင့်လှစ်ထားပြီး အောက်ခြေတပ်မှူးများအကြား ပုံမှန်ဆက်သွယ်ခြင်းဖြင့် ၎င်းတို့အကြား မလွဲသာမရှောင်သာ အပစ်ခတ်ရပ်စဲမှုကို ထိန်းသိမ်းကြသည်။ စစ်တပ်က TNLA အဖွဲ့ထိန်းချုပ်ရာ ဒေသများသို့ ကင်းလှည့်လျှင် တအာင်းတပ်မှူးများကို ကြိုတင်၍ဆက်သွယ်လေ့ရှိသည်။ ထိုအခါ တအာင်းတပ်ဖွဲ့ဝင်များသည် အဆိုပါနေရာများမှ ခေတ္တတိမ်းရှောင်လေ့ရှိပြီး စစ်တပ်ပြန်ထွက်သွား ပြီးမှသာ ပြန်လည်တပ်စွဲကြသည်။[39]

ယင်းသို့ အလွတ်သဘောပူးပေါင်းဆောင်ရွက်ကြသည့်တိုင် စစ်တပ်နှင့် TNLA အကြား တရားဝင်အပစ်ရပ်ရေး သို့မဟုတ် နိုင်ငံရေးသဘောတူညီချက်တစ်ခုခု အလွယ်တကူထွက်ပေါ် လာဖွယ်မရှိပေ။ အကြောင်းမှာ TNLA က စစ်တပ်၏ ငြိမ်းချမ်းရေးအတွက်ညှိနှိုင်းရန် ကြိုးပမ်း

[36] ၂၀၂၂၊ ဒီဇင်ဘာ၊ ၈ရက်တွင် ဧရာဝတီသတင်းဌာနမှ အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြသည့် Myanmar junta invasion force under siege: Ta'ang army ဆောင်းပါးကို ကိုးကားသည်။

[37] ၂၀၂၂၊ ဒီဇင်ဘာ၊ ၁၈ရက်တွင် ဧရာဝတီသတင်းဌာနမှ မြန်မာဘာသာဖြင့် ဖော်ပြသည့် "နမ့်ဆန်တွင် TNLA ကို ဦးတည်ခြင်း မဟုတ်ဘဲ PDF များကို တိုက်ခိုက်ခြင်းဖြစ်ကြောင်း စစ်ကောင်စီ ပြောလာ"ဟူသည့်သတင်းကို ကိုးကားသည်။ PDF တပ်ဖွဲ့များသည် NUG အစိုးရနှင့် ဆက်စပ်တပ်ဖွဲ့များဖြစ်သည်။ အချို့အဖွဲ့များမှာ NUG ၏ တိုက်ရိုက်ကွပ်ကဲမှု အောက်တွင်ရှိပြီး အချို့မှာ သီးခြားရပ်တည်သည်။ ထို့ပြင် အချို့ PDF တပ်ရင်းများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ တိုက်ရိုက်ကွပ်ကဲသည်။ အာဏာသိမ်းမှုအလွန် ဖွဲ့စည်းသည့် အချို့လက်နက်ကိုင်တပ်ဖွဲ့များသည် NUG လက်အောက်တွင် မနေသည့်အပြင် ၎င်းတို့ကိုယ်ကို PDF ဟုလည်း ခေါ်ဝေါ်သုံးစွဲခြင်း မပြုပေ။

[38] ၂၀၂၃၊ မေမှ ဇွန်အတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။

[39] ၂၀၂၃၊ မေမှ ဇွန်အတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။

မှုများကို ငြင်းဆန်ထား၍ဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၃ ခုနှစ်၊ ဇွန်လတို့တွင် တရုတ်နိုင်ငံ၏ဖိအားကြောင့် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်အတူ စစ်တပ်ကိုယ်စားလှယ်များကို TNLA မှ တွေ့ဆုံဆွေးနွေးခဲ့သည်။ သို့သော် စစ်တပ်ကိုယ်စားလှယ်များနှင့် တစ်ဦးတစ်ဖွဲ့ချင်း လူသိရှင်ကြားတွေ့ဆုံဆွေးနွေးခဲ့ခြင်း မရှိပေ (ဤအကြောင်းကို အပိုင်း ၃ (ဃ) တွင် ဖတ်ရှုနိုင်ပါသည်)။ အဆိုပါတွေ့ဆုံပွဲနှစ်ခုလုံးတွင် ရလဒ်မထွက်ခဲ့ပေ။[40]

၎င်းစီမံကျင်းပမည့် ရွေးကောက်ပွဲကို ထောက်ခံပေးလျှင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာမခံချက်များဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပေးမည်ဟု စစ်တပ်က မက်လုံးပေး၍ TNLA နှင့် အခြားသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ကမ်းလှမ်းခဲ့သည်။ စစ်တပ်စီမံကျင်းပမည့် ရွေးကောက်ပွဲတစ်ရပ်သည် ဒီမိုကရေစီစံနှုန်းနှင့် ညီညွတ်မှုမရှိသည့်အပြင် လွတ်လပ်၍တရားမျှတမှုလည်း မရှိနိုင်ပေ။[41] လက်တွေ့မကျသည့်အပြင် နိုင်ငံရေးအခြေအနေကိုပါ ထည့်သွင်းစဉ်းစားရသဖြင့် TNLA မှ အဆိုပါကမ်းလှမ်းချက်ကို စိတ်ဝင်စားပုံမရပေ။ ဦးစွာ အရပ်သားအစိုးရတစ်ရပ်ကို တင်မြှောက်ခြင်းမရှိဘဲ စစ်တပ်အနေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၎င်း၏သဘောဖြင့် ပြင်ဆင်ခွင့်မရှိပေ။ အရပ်သားအစိုးရတစ်ရပ်ကိုလည်း ရွေးကောက်ပွဲကျင်းပမှသာ တင်မြှောက်နိုင်မည်ဖြစ်သည်။ လက်ရှိအခြေအနေအရ ရွေးကောက်ပွဲများကျင်းပရန် အချိန်ကာလကြာမြင့်ဦးမည်ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရေးက နှစ်ဆပင်ပို၍မဖြစ်နိုင်ပေ။ ယေဘုယျအားဖြင့် မြန်မာစစ်တပ်ကိုမယုံသည့်အပြင် စစ်ဗိုလ်ချုပ်များသည် TNLA ၏ နိုင်ငံရေးတောင်းဆိုချက်အားလုံးကို အပြည့်အဝလိုက်လျောလိမ့်မည်ဟု တအာင်းခေါင်းဆောင်များက လုံးဝမယုံကြည်ပေ။ လက်ရှိအခြေအနေတွင် နိုင်ငံရေးသဘောတူညီချက်မဆိုထားနှင့်၊ တရားဝင်အပစ်ရပ်စဲရေးသဘောတူညီချက်ပင် စစ်တပ်နှင့် TNLA က ရယူနိုင်ဖွယ်မရှိပေ။ အဘယ့်ကြောင့်ဆိုသော် ယင်းသို့ပြုခြင်းက TNLA အဖွဲ့ကို ထောက်ခံသူများသာမက နိုင်ငံတစ်ဝန်းက ပြည်သူများကိုပါ ဒေါသထွက်စေနိုင်၍ဖြစ်သည်။

သို့ရာတွင် နှစ်ဘက်လုံးမှ အကြောင်းပြချက်ကိုယ်စီဖြင့် အလွတ်သဘောအပစ်ရပ်မှုကို ဆက်လက်ထိန်းသိမ်းထားလိုသည်။ နိုင်ငံတစ်ဝန်း စစ်မျက်နှာအများအပြားဖွင့်ထားရသည့် စစ်တပ်အဖို့ စစ်မြေပြင်တစ်ခုလျှော့သွားလေ ပိုကောင်းလေဖြစ်သည်။ တစ်ဘက်တွင် TNLA ကလည်း အုပ်ချုပ်ရေးယန္တရားတစ်ခု ပိုမိုပီပြင်လာအောင် ကြိုးပမ်းနေစဉ် မိမိထိန်းချုပ်နယ်မြေတွင် တည်ငြိမ်မှုရှိစေလိုသည်။ တရားဝင်အပစ်ရပ်သဘောတူညီမှုရရှိရေးမှာ မဖြစ်နိုင်သည့်တိုင် စစ်တပ်နှင့် ဆွေးနွေးညှိနှိုင်းမည်ဆိုပါက မိမိတို့သည် တစ်ပန်းသာသည့်အနေအထားတွင် ရှိနေသည်ကို TNLA ခေါင်းဆောင်များက ကောင်းစွာနားလည်ထားသည်။ အာဏာသိမ်းမှုအလွန်တွင်

[40] ၂၀၂၃၊ ဇွန်တွင် ငြိမ်းချမ်းရေးအကျိုးဆောင်တစ်ဦးအား Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။

[41] ၂၀၀၈ဖွဲ့စည်းပုံအရ အာဏာသိမ်းစစ်တပ်သည် ဩဂုတ်လကုန် နောက်ဆုံးထား၍ ရွေးကောက်ပွဲများ ကျင်းပရမည်ဖြစ်သည်။ သို့ရာတွင် စစ်တပ်က ဇန်နဝါရီတွင် ဖွဲ့စည်းပုံအခြေခံနှင့် မကိုက်ညီဘဲ အရေးပေါ်ကာလကို နောက်ထပ်ခြောက်လသက်တမ်းတိုးခဲ့ရာ ရွေးကောက်ပွဲကျင်းပရမည့်ရက်မှာ ဇူလိုင်တွင် ထပ်မံရွှေ့ဆိုင်းသွားသည်။ ရွေးကောက်ပွဲများကို အစောဆုံး ၂၀၂၅ အထိပင် ကျင်းပနိုင်ဖွယ်မရှိပေ။ ၂၀၂၃၊ မတ်၊ ၂၈ရက်တွင် Crisis Group မှ ထုတ်ပြန်သည့် အာရှရေးရာအကျဉ်းချုပ်ဖော်ပြချက်၊ အမှတ်၁၇၅၊ "လမ်းမပေါက်တဲ့ခရီး- မြန်မာစစ်တပ် စီမံဖန်တီးသည့် ရွေးကောက်ပွဲ" ကို ကိုးကားသည်။

ချဲ့ထွင်ခဲ့သည့် ၎င်းတို့၏ထိန်းချုပ်နယ်မြေများကို ကာကွယ်ရန် အလွတ်သဘောအပစ်ရပ်စဲမှုမျိုးကိုသာ TNLA ခေါင်းဆောင်များက လိုလားပေလိမ့်မည်။

## (ခ) စစ်တပ်ဆန့်ကျင်ရေးတပ်ဖွဲ့များကို တိတ်တဆိတ်ထောက်ပံ့ခြင်း

စစ်တပ်နှင့်ထိတွေ့ပစ်ခတ်မှုကို ရှောင်ကြဉ်သည့်တိုင် TNLA သည် အာဏာသိမ်းမှုဆန့်ကျင်ရေးလှုပ်ရှားမှုတွင် အဓိကအခန်းကဏ္ဍမှပါဝင်သည်။ တအာင်းတပ်သည် စစ်တပ်ဆန့်ကျင်ရေးအင်အားစုများနှင့် သိုသိပ်စွာဆက်ဆံခဲ့သည်။ ယင်းသို့ဆက်ဆံရခြင်းမှာ ရှမ်းပြည်နယ်သည် တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသဖြင့် ၎င်းအပေါ် အတိုင်းအတာတစ်ခုထိ ဩဇာလွှမ်းမိုးသည့် ဘေဂျင်းအစိုးရကို အမျက်မရှစေလိုသည့်အပြင် စစ်တပ်နှင့်ပါ ထိပ်တိုက်မတွေ့စေရန်ဖြစ်သည်။

TNLA အဖွဲ့သည် အာဏာသိမ်းမှုကို ဆန့်ကျင်သည့်အဖွဲ့များအား နည်းလမ်းမျိုးစုံဖြင့် ဆက်ဆံခဲ့သည်။ သိသာသည်က TNLA သည် NUG အစိုးရနှင့် လူသိရှင်ကြားအဆက်အဆံမလုပ်ဘဲ တအာင်းနိုင်ငံရေးအတိုင်ပင်ခံကော်မတီ (TPCC) မှတစ်ဆင့် ဆက်သွယ်သည်။ TPCC ကို တအာင်းနိုင်ငံရေးသမားများ၊ အရပ်ဘက်အဖွဲ့များမှ အာဏာသိမ်းမှုနောက်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးတိုက်ပွဲအတွက် ဖွဲ့စည်းခဲ့သည်။[42] TPCC သည် NUG အစိုးရနှင့် အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) တို့တွင် အဖွဲ့ဝင်ဖြစ်သည်။[43] TNLA အဖွဲ့အထွေထွေအတွင်းရေးမှူး တာဘုန်းကျော်၏ ညီဖြစ်သူ မိုင်းဝင်းထူးသည် NUG အစိုးရအဖွဲ့တွင် ဖက်ဒရယ်ရေးရာဒုတိယဝန်ကြီးဖြစ်သည်။[44] ထို့ပြင် TNLA သည် အာဏာသိမ်းမှုအလွန်တွင် စစ်တပ်၏ဖမ်းဆီးနှိပ်ကွပ်မှုကြောင့် ထွက်ပြေးတိမ်းရှောင်လာသည့် တအာင်းများသာမက ဗမာများ၊ အခြားတိုင်းရင်းသားတက်ကြွလှုပ်ရှားသူအများအပြားကို ၎င်း၏ထိန်းချုပ်နယ်မြေတွင် ခိုလှုံခွင့်ပေးခဲ့သည်။[45]

ပို၍အရေးပါသည်က TNLA သည် အာဏာသိမ်းမှုဆန့်ကျင်ရေးလက်နက်ကိုင်တပ်ဖွဲ့ အချို့ကို စစ်ပညာသင်ပေးရုံမက လက်နက်ပါတပ်ဆင်ပေးခဲ့သည်။ ၎င်းတို့အနက် NUG လက်အောက်ခံပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) များ၊ သီးခြားရပ်တည်သောတပ်များနှင့် မြို့ပြပျောက်ကျားတပ်ဖွဲ့များ ပါဝင်သည်။ ၎င်းတို့အတွက် လက်နက်ရောင်းဝယ်ရာတွင် ကြားဝင်

[42] မတ်တွင် TPCC မှဦးဆောင်၍ တအာင်းပြည်နယ်ဖွဲ့စည်းပုံ တတိယမူကြမ်းရေးဆွဲရေးအတွက် လူထုအစည်းအဝေးတစ်ခုပြုလုပ်ခဲ့ပြီး တက်ရောက်သူဦးရေ ၁၅၀ ခန့်ပါဝင်ခဲ့သည်။ တက်ရောက်သူများက စစ်တပ်စီမံကျင်းပမည့်ရွေးကောက်ပွဲကို သပိတ်မှောက်ရန် သဘောတူခဲ့ကြသည်။

[43] အဆိုပါကောင်စီတွင်ပါဝင်သည့် အဖွဲ့အစည်းအမည်နှင့် အရေအတွက်ကို ၎င်းတို့၏ အင်တာနက်စာမျက်နှာတွင် တွေ့ရှိနိုင်သည်။

[44] မိုင်းဝင်းထူးသည် တအာင်းအမျိုးသားပါတီ၏ အထွေထွေအတွင်းရေးမှူးဖြစ်ပြီး TPCC တွင် အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။ ၂၀၂၃၊ မေတွင် TNLA အဖွဲ့နှင့်နီးစပ်သည့် သတင်းရင်းမြစ်အား Crisis Group၏ မေးမြန်းချက်ကို ကိုးကားသည်။

[45] ၂၀၂၃၊ ဧပြီမှ ဇွန်အတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များကို ကိုးကားသည်။

စေ့စပ်ပေးရုံမက TNLA သည် မိမိ၏ထိန်းချုပ်နယ်မြေမှတစ်ဆင့် လက်နက်၊ ခဲယမ်းမီးကျောက်များသယ်ယူပို့ဆောင်ရန်နှင့် တပ်များရွှေ့ပြောင်းရန် ခွင့်ပြုခဲ့သည်။ TNLA သင်တန်းဆင်း၍ လက်နက်အပြည့်အစုံနှင့် တပ်ရင်းအချို့ဆိုလျှင် ပြည်တွင်းစစ်မြေပြင်ဒေသများတွင် တိုက်ပွဲဝင်နေကြပြီဖြစ်သည်။ အချို့တပ်ရင်းများကမူ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းနယ်စပ်ရှိ TNLA ထိန်းချုပ်နယ်မြေများတွင် တပ်ချထားသည်။[46] မန္တလေးတိုင်းအတွင်းရှိ အချို့ဒေသများတွင်မူ တအာင်းစစ်သည်များသည် PDF တပ်ရင်းများနှင့်အတူ တိုက်ပွဲဝင်နေပြီ ဖြစ်သည်။[47]

ထိုအဖွဲ့များကို TNLA မှကူညီရသည့် အကြောင်းရင်းများစွာရှိသည်။ အာဏာသိမ်းမှုဆန့်ကျင်ရေးတပ်ဖွဲ့များတွင် ပြည်ပရောက်မြန်မာများလှူဒါန်းသည့် ရန်ပုံငွေအမြောက်အမြားရှိရာ ၎င်းတို့ကို ကူညီခြင်းဖြင့် TNLA သည် မိမိအဖွဲ့အစည်းဘဏ္ဍာငွေကို ဖြည့်တင်းနိုင်သည်။[48] ဒုတိယအချက်အနေဖြင့် TNLA မှ ကူညီပေးသည့် PDF နှင့် အခြားတပ်ဖွဲ့များကို စစ်တပ်စိုးမိုးနယ်မြေနှင့် ကပ်လျက်ရှိသော နယ်စပ်ဒေသများတွင် တပ်ချထားခြင်းဖြင့် မိမိထိန်းချုပ်နယ်မြေကို ကာကွယ်နိုင်မည့် ကြားခံနယ်တစ်ခု ဖန်တီးထားသကဲ့သို့ဖြစ်သည်။ ထို့ပြင် TNLA နယ်မြေတွင် နိုင်ငံရေးအရခိုလှုံနေသည့် တက်ကြွလှုပ်ရှားသူများနှင့် CDM ဝင်သော အစိုးရဝန်ထမ်းများက ၎င်းတို့တတ်သည့်ပညာဖြင့် တအာင်းတပ်၏အုပ်ချုပ်ရေးယန္တရားတွင် ပါဝင်ကူညီကြသည်။[49] စစ်တပ်ဆန့်ကျင်ရေးအင်အားစုများကို ကူညီခြင်းသည် TNLA အဖွဲ့နှင့် သြဇာအာဏာကြီးသော တအာင်းအသိုင်းအဝိုင်း၊ အထူးသဖြင့် တအာင်းနိုင်ငံရေးသမားများနှင့် အရပ်ဘက်အဖွဲ့အစည်းများအကြား ရပ်တည်ချက်တစ်သားတည်းဖြစ်ကြောင်း ပြသနေသည်။ အဆိုပါသြဇာကြီးမားသည့် တအာင်းနိုင်ငံရေးနှင့် အရပ်ဘက်အသိုင်းအဝိုင်းသည် စစ်အာဏာသိမ်းစဉ်က စစ်တပ်ကို အပြင်းအထန်ကန့်ကွက်ခဲ့ကြသူများဖြစ်ပြီး TNLA အဖွဲ့ ရပ်တည်ရေးအတွက် အဓိကကျသည့်အင်အားစုများဖြစ်သည်။

## (ဂ) တိုင်းရင်းသား ရန်ဘက်နှင့် မဟာမိတ်များ

စစ်တပ်အာဏာသိမ်းသောအခါ TNLA သည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် RCSS နှင့် စစ်မက်ဖြစ်ပွားနေချိန်ဖြစ်သည်။ ၎င်းနှစ်ဖွဲ့သည် ၂၀၂၀ ပြည့်နှစ်နှောင်းပိုင်းတွင် ပြန်လည်၍ပစ်ခတ်တိုက်ခိုက်ခဲ့ကြပြီး တိုက်ပွဲများမှာ အလွန်ပြင်းထန်ခဲ့သည်။ စစ်တပ်က ရှမ်းမြောက်မှ ၎င်း၏တပ်ဖွဲ့အများအပြားကို ထုတ်နုတ်ခဲ့သဖြင့် TNLA နှင့် RCSS တို့ အဆိုပါဒေသများတွင် ယခင်ကထက်

---

[46] ၂၀၂၃၊ မေမှ ဇွန်အတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များကို ကိုးကားသည်။

[47] ၂၀၂၃၊ ဧပြီမှ ဇွန်အတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များကို ကိုးကားသည်။

[48] ၂၀၂၂၊ ဒီဇင်ဘာ၊ ၂၀ရက်တွင် ထုတ်ဝေခဲ့သည့် Crisis Group ၏ အာရှအစီရင်ခံစာ အမှတ်၃၂၈၊ "လူထုအလှူ - အာဏာရှင်ဆန့်ကျင်ရေးလှုပ်ရှားမှုကို ကျားကန်ပေးနေသည့် ဘဏ္ဍာရေးလက်တံများ" ကို ကိုးကားသည်။

[49] အာဏာသိမ်းမှုနောက်ပိုင်း ထွက်ပေါ်လာသည့် အကြမ်းမဖက်အာဏာဖီဆန်ရေး (CDM)လှုပ်ရှားမှုသည် စစ်တပ်အုပ်ချုပ်မှုကို သိမ်မွေ့စွာဆန့်ကျင်ရန် ရည်ရွယ်သည်။ အဆိုပါလှုပ်ရှားမှုတွင် ငြိမ်းချမ်းသော ဆန္ဒပြပွဲများပါဝင်ပြီး ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍနှစ်ရပ်လုံးမှ လုပ်သားများ လုပ်ငန်းခွင်ဝင်ရန် ငြင်းဆန်ခြင်း၊ စစ်တပ်ထုတ်ကုန်များကို သပိတ်မှောက်ခြင်း၊ အခွန်အခများပေးဆောင်ရန် ငြင်းဆန်ခြင်း စသည်တို့လည်း ပါဝင်သည်။

လွတ်လပ်စွာ လှုပ်ရှားခွင့်ရရှိသွားသည်။ ယခင်က ရှမ်းပြည်နယ်မြောက်ပိုင်းတွင် RCSS အခြေချနိုင်အောင် စစ်တပ်မှကူညီခဲ့သော်လည်း တအာင်းတပ်နှင့် တိုက်ပွဲဖြစ်ပွားချိန်တွင်မူ မကူညီတော့ပေ။[50] ထို့ကြောင့် TNLA က RCSS ကို ရှမ်းမြောက်ဒေသမှ ရှမ်းတောင်ရှိ RCSS ဌာနချုပ်တည်ရှိရာ ထိုင်း-မြန်မာနယ်စပ်အထိ လျင်လျင်မြန်မြန် တိုက်ထုတ်နိုင်ခဲ့သည်။ ထိုသို့တိုက်ထုတ်နိုင်ခဲ့ခြင်းကို "အောင်ပွဲ"တစ်ခုအဖြစ် TNLA မှ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ကျရောက်သည့် (၅၉)ကြိမ်မြောက်တအာင်းအမျိုးသားတော်လှန်ရေးနေ့တွင် ကြေညာခဲ့သည်။[51]

TNLA အနေနှင့် ၁၀ နှစ်ကျော်အချိန်ယူတည်ဆောက်ခဲ့သည့် မဟာမိတ်ဆက်ဆံရေးသည် ထိုအောင်ပွဲအတွက် အရေးပါလာသည်။ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) သည် တအာင်းစစ်သည်များနှင့်အတူ စစ်မြေပြင်တွင်တိုက်ပွဲဝင်ခဲ့ပြီး UWSA က ၎င်းတို့ကို လက်နက်၊ ခဲယမ်းထောက်ပံ့ခဲ့သည်။[52]

အကျိုးရှိသည့်တိုင် ၎င်းတို့အကြား လှုပ်ရှားမှုခွင်နီးကပ်လွန်းသဖြင့် အချိန်ကြာလာသည်နှင့် အမျှ ရင်းနှီးသောမဟာမိတ်ဆက်ဆံရေးကို ထိန်းသိမ်းရေးမှာ ပို၍ခက်ခဲလာသည်။ လူမျိုးပေါင်းစုံနေထိုင်သည့် ရှမ်းပြည်နယ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ရှစ်ဖွဲ့ခန့်ရှိပြီး မျိုးနွယ်စုအမည်ခံ၍ စစ်တပ်ကွပ်ကဲမှုအောက်နေသော ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်လည်း ဒါဇင်ပေါင်းများစွာရှိသည်။ အဆိုပါအဖွဲ့များ၏ထိန်းချုပ်နယ်မြေအဖြစ် ကြေညာထားသည့်ဒေသများမှာလည်း တစ်ခုနှင့်တစ်ခုထပ်လေ့ရှိသည်။ ထို့ပြင် တိုင်းရင်းသားမျိုးနွယ်စုအချို့က မြင့်မားသောတောင်ကုန်းကြီးများပေါ်တွင် နေထိုင်ကြပြီး အချို့မှာ မြေနိမ့်ချိုင့်ဝှမ်းဒေသများတွင် အခြေချသည်။ ထို့ကြောင့်ပင် မျိုးနွယ်စုတစ်ခုတည်းနေထိုင်သည့် သီးသန့်နယ်မြေဟူ၍မရှိဘဲ မျိုးနွယ်စုများရောယှက်နေထိုင်ကြရသည်။ ရှုပ်ထွေးမှုအခြေအနေတစ်ခုမှာ ယခင်က အလွယ်တကူ ပြောင်းလဲခံယူနိုင်ခဲ့သော မျိုးနွယ်စုဖြစ်မှုအမှတ်သညာများသည် ခေတ်အဆက်ဆက် ပြည်တွင်းစစ်ဒဏ်နှင့် နိုင်ငံရေးဖိနှိပ်မှုများကြောင့် နောက်ပိုင်းတွင် လွယ်လွယ်နှင့်ပြောင်း၍မရဘဲ စွဲမြဲသောကိုယ်ပိုင်

[50] "Annual Peace & Security Review 2020-21" (နှစ်စဉ် ငြိမ်းချမ်းရေးနှင့်လုံခြုံရေးသုံးသပ်ချက် ၂၀၂၀-၂၀၂၁) စာတမ်းပါ စာမျက်နှာ ၅၉ မှ၆၂ အထိကို ရည်ညွှန်းသည်။

[51] "Rising dragon" ဆောင်းပါးကို ကိုးကားသည်။

[52] RCSS နှင့် SSPP တို့သည် ရှမ်းပြည်နယ်တစ်ခုလုံးကို ကိုယ်စားပြုသည့် တစ်ခုတည်းသော လက်နက်ကိုင်တပ်အဖြစ် အားပြိုင်ခဲ့သည်မှာ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကဖြစ်သည်။ ၎င်းတို့၏ နိုင်ငံရေးနောက်ခံနှင့် သမိုင်းကြောင်းသည်လည်း ကွာခြားသည်။ RCSS သည် ရှမ်းအမျိုးသားရေးဝါဒီပြင်းထန်သော အဖွဲ့ဖြစ်ပြီး SSPP ကမူ ယခင်က ဗမာပြည်ကွန်မြူနစ်ပါတီနှင့် အဆက်အဆံရှိကာ ရှမ်းပြည်နယ်အတွက် တိုင်းရင်းသားပေါင်းစုံပါဝင်သော နိုင်ငံရေးအမြော်အမြင်ကို လက်ကိုင်ထားသည်။ ၂၀၁၅ နှောင်းပိုင်းတွင် စစ်တပ်မှ SSPP အား ထိုးစစ်ဆင်နေသည်ကို အခွင့်ကောင်းယူ၍ RCSS က နယ်မြေချဲ့ထွင်ခဲ့သည်။ ယင်းကြောင့်ပင် SSPP သည် TNLA နှင့်ပူးပေါင်း၍ RCSS ကို ပြန်လည်တိုက်ထုတ်ခဲ့သည်။ UWSA ၏ အဆိုပါပဋိပက္ခများတွင် ပါဝင်မှုနှင့်ပတ်သက်၍ ၂၀၂၂၊ ဖေဖော်ဝါရီ၊ ၂၂ရက်တွင် Asia Times သတင်းဌာနမှ ဖော်ပြသည့် "Wa an early winner of Myanmar's post-coup war" (မြန်မာပြည်က အာဏာသိမ်းမှုအလွန် တိုက်ပွဲများအတွက် အကျိုးအမြတ်ထွက်သွားသည့် ဝ) ဟူသော ဆောင်းပါးကို ကိုးကားထားသည်။

ဝိသေသလက္ခဏာများ ဖြစ်လာသည်။[53] လူသူအင်အားတောင့်တင်းသည့် လက်နက်ကိုင်တပ်နှင့် ကြီးမားကျယ်ပြန့်သည့် အုပ်ချုပ်ရေးယန္တရားများကို ရေရှည်ထိန်းသိမ်းထားနိုင်ရေးတွင်လည်း လိုအပ်သည့် ဘဏ္ဍာရန်ပုံငွေရရှိရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြား ပြိုင်ဆိုင်မှုပြင်းထန်လာသည်။

ထို့ကြောင့်ပင် TNLA နှင့် ၎င်း၏မဟာမိတ် SSPP၊ KIO အဖွဲ့များအကြား ပွတ်တိုက်မှုများ ရှိလာသည်။ ယခင်က ကူညီဖေးမခဲ့သော်လည်း ၎င်းတို့ထိန်းချုပ်ရာနယ်မြေအနီး TNLA အင်အားကြီးလာသည်ကို ထိုနှစ်ဖွဲ့လုံးက စိုးရိမ်စိတ်ဖြင့် စောင့်ကြည့်နေသည်။ မေတွင် TNLA နှင့် KIO တို့ ထိပ်တိုက်တွေ့စရာဖြစ်ခဲ့သည်။ ၎င်းထံ အခွန်မဆောင်ဟုဆိုကာ မူဆယ်မြို့နယ်ရှိ ရွှေလုပ်ငန်းရှင်တစ်ဦးကို TNLA က ခေတ္တထိန်းသိမ်းခဲ့သည်။[54] နောက်ပိုင်းတွင် KIO ၏ မိုင်ဂျာယန်မြို့တွင် နှစ်ဘက်ခေါင်းဆောင်များတွေ့ဆုံ၍ တင်းမာမှုကိုလျှော့ချခဲ့ကြသည်။ ၎င်းတို့အကြားရှိ "ထာဝရမဟာမိတ်စာချုပ်"ကို ဆက်လက်ထိန်းသိမ်းသွား၍ အာဏာရှင်စနစ်ချုပ်ငြိမ်းသည်အထိ အတူတကွလက်တွဲသွားမည်ဟု အဆိုပါနှစ်ဖွဲ့က တွေ့ဆုံမှုအပြီးထုတ်ပြန်ခဲ့သည်။[55] သို့သော် မြေပြင်တွင်မူ အခြေအနေမှာ ဆက်လက်တင်းမာနေသည်။[56] အခြားတစ်ဘက်တွင်လည်း တရုတ်နယ်စပ်ရှိ စီးပွားရေးအရအရေးပါသည့် တရားမဝင်နယ်စပ်ဂိတ်တစ်ခုကို ထိန်းချုပ်ခွင့်ရရှိရန် TNLA နှင့် SSPPတို့ ပြိုင်ဆိုင်လျက်ရှိသည်။[57] ဩဂုတ်လတွင် ရှမ်းဧကရာဇ်မင်းတစ်ပါး၏ သမိုင်းဝင်ရှေးဟောင်းမြို့ရိုးကို TNLA က ဖျက်ဆီးသည်ဟု SSPP မှ စွပ်စွဲခဲ့သည်။ TNLA ကမူ စွပ်စွဲချက်ကို ငြင်းဆန်ခဲ့သည်။[58]

အခြားတိုင်းရင်းသားလက်နက်ကိုင်တပ်များကလည်း ကချင်နှင့် ရှမ်းမျိုးနွယ်စုများနေထိုင်ရာ ရှမ်းမြောက်ပိုင်းဒေသများသို့ TNLA ၏ နယ်မြေချဲ့ထွင်မှုကို စိုးရိမ်မကင်းစောင့်ကြည့်နေသည်။ ပုံမှန်အားဖြင့် တအာင်းလူမျိုးများကိုသာ TNLA က တပ်သားသစ်အဖြစ် စုဆောင်းလေ့ရှိသော်လည်း မကြာသေးမီက အခြားတိုင်းရင်းသားများကိုလည်း အတင်းအဓမ္မလူသစ်စုဆောင်းခဲ့သည်ဟု ဒေသတွင်းသတင်းများကဆိုသည်။ ထို့ပြင် အခြားမျိုးနွယ်စုဝင်မူးယစ်ဆေးသုံးစွဲသူများ

[53] ဥပမာအားဖြင့် Crisis Group မှ ၂၀၂၂၊ ဩဂုတ်၊ ၂၈ရက်တွင် ထုတ်ဝေသည့် အာရှအစီရင်ခံစာ အမှတ်၃၁၂၊ *Identity Crisis: Ethnicity and Conflict in Myanmar* (ကိုယ်ပိုင်လက္ခဏာပဋိပက္ခ၊ မြန်မာနိုင်ငံအတွင်းက တိုင်းရင်းသားဖြစ်မှုနှင့် ပဋိပက္ခ) စာတမ်းကို ကိုးကားသည်။

[54] ၂၀၂၃၊ မေ ၁၅ ရက်တွင် ရှမ်းသံတော်ဆင့်သတင်းဌာနမှ ဖော်ပြသည့် "မူဆယ်မြို့နယ် တီးမရွှေတွင်း TNLA ငွေလာကောက်သည့်အပေါ် KIA ကို စိန်ခေါ်နေသည်ဟုဆို"ဟူသည့် သတင်းကို ကိုးကားသည်။

[55] ၂၀၂၃၊ မေ၊ ၃၀ ရက်တွင် သံလွင်တိုင်းမ်သတင်းဌာနမှ ဖော်ပြသည့် "KIA and TNLA join forces to eradicate the military dictatorship" (အာဏာရှင်စနစ်အမြစ်ဖြုတ်ချေမှုန်းသွားမည်ဟု KIAနှင့် TNLA အဖွဲ့များ ကတိပြု) ဟူသည့် သတင်းကို ကိုးကားသည်။

[56] ၂၀၂၃၊ မေတွင် ကွတ်ခိုင်ဒေသခံတစ်ဦးကို Crisis Group ၏ မေးမြန်းချက်ကို ကိုးကားသည်။

[57] ၂၀၂၃၊ မေတွင် ပြုလုပ်သော Crisis Group ၏ မေးမြန်းချက်များကို ကိုးကားသည်။

[58] ၂၀၂၃၊ ဩဂုတ်၊ ၁၂ရက်တွင် ရှမ်းပြည်တိုးတက်ရေးပါတီက ထုတ်ပြန်သည့် "သမိုင်းဝင် ရှေးဟောင်းမြို့ရိုး ဖြိုဖျက်သည့် လုပ်ရပ်အပေါ် ဆန့်ကျင်ရှုတ်ချကြောင်း ထုတ်ပြန်ကြေညာချက်" ကို ကိုးကားသည်။ ၂၀၂၃၊ ဩဂုတ်၊ ၁၈ရက်တွင် PSLF က ထုတ်ပြန်သည့် "မူဆယ်မြို့နယ်၊ စယ်လန့်ကျေးရွာတွင် မြေထိုးရှင်းလင်းခြင်းကိစ္စအပေါ် သတင်းရှင်းလင်းထုတ်ပြန်ခြင်း" ကို ကိုးကားသည်။

ကိုလည်း အတင်းအကျပ်ဖမ်းဆီးပြီး ၎င်း၏ဆေးဖြတ်စခန်းများသို့ ပို့ပစ်ခဲ့သည်ဟု သတင်းများ ကဆိုသည်။ ၎င်း၏နယ်မြေအတွင်းသာမက အစိုးရထိန်းချုပ်ရာဒေသမှ လူပုဂ္ဂိုလ်နှင့် စီးပွားရေး လုပ်ငန်းများကိုပါ TNLA က အခွန်ကောက်ခံလေ့ရှိရာ တအာင်းမဟုတ်သည့် ဒေသခံများ၊ လုပ်ငန်းရှင်များ မကျေမနပ်ဖြစ်ကြသည်။ ဒေသစ်ခုတွင် တအာင်းအလံနှင့် တအာင်းအမှတ် တံဆိပ်များတွေ့ရပြီး ဘုရားစေတီများပါတည်ထားပါက အဆိုပါဒေသသည် TNLA လှုပ်ရှားရာ ဒေသဖြစ်သည်ကိုသိရှိနိုင်သည်။ ထို့ပြင် အခြားလူနည်းစုများ၏ အရပ်ဒေသများသို့ တအာင်း လူမျိုးများအား အတင်းအကျပ်ရွှေ့ပြောင်းနေထိုင်စေခြင်းဖြင့် လူဦးရေပျံ့နှံ့မှုအရ အသာစီးရစေရန် TNLA အဖွဲ့မှ ကြိုးပမ်းနေသည်ဟု စွပ်စွဲချက်များထွက်ပေါ် ခဲ့သည်။ သို့မှသာ TNLA လှုပ်ရှားရာ နယ်မြေအဖြစ်သတ်မှတ်ရန် အကြောင်းပြနိုင်မည်ဟု စွပ်စွဲသူများက ဆိုသည်။[59]

## (ဃ) တရုတ်၏ လွှမ်းမိုးမှု

တရုတ်အစိုးရသည် တရုတ်-မြန်မာနယ်စပ်တစ်လျှောက်ရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များအပေါ် သြဇာကြီးမားသည်။ ၁၉၆၀ မှ ၁၉၈၀ ပြည့်နှစ်များအထိ ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) ကို ငွေအင်အား၊ လက်နက်အင်အားဖြင့် များစွာကူညီခဲ့သည့်သမိုင်းကြောင်းလည်း ရှိနေ သည်။ ၁၉၈၉ ခုနှစ်တွင် တိုင်းရင်းသားလူနည်းစုတပ်သားများက ဗမာခေါင်းဆောင်များကို ပုန်ကန်ရာ ဗမာပြည်ကွန်မြူနစ်ပါတီပြိုကွဲသွားသည်။ ယင်းနောက် တိုင်းရင်းသားတပ်မှူးများက မိမိလူမျိုးစုအလိုက် တပ်ဖွဲ့အသစ်များ ထူထောင်လိုက်ကြသည်။ ယင်းတို့အနက် UWSA အဖွဲ့သည် အင်အားအကြီးဆုံးဖြစ်လာသည်။ စစ်တပ်နှင့် အပစ်ရပ်သဘောတူညီချက်များ ရယူပြီးသည့်တိုင် ၎င်းတို့သည် လက်နက်ဆက်လက်ကိုင်ဆောင်ခွင့်ရှိသည့်အပြင် စစ်တပ်က "အထူးဒေသများ" အဖြစ် သတ်မှတ်ပေးသော ကိုယ်ပိုင်အုပ်ချုပ်သည့် နယ်မြေများလည်း ရရှိခဲ့သည်။ ယင်းအပစ်ရပ် သဘောတူညီချက်အများစုသည် လွန်ခဲ့သည့်စစ်အစိုးရသက်တမ်းအတွင်း နှစ်ပေါင်း ၂၀ ကျော် အောင်ကြာရှည်ခံခဲ့သည်။ ထိုကာလအတွင်း စစ်အစိုးရသည် ဘေဂျင်းနှင့် နိုင်ငံရေး၊ စီးပွားရေးအရ ပိုမိုနီးကပ်ခဲ့ရာ တိုင်းရင်းသားလက်နက်ကိုင်တပ်များအတွက်လည်း အမြတ်ထွက်ခဲ့သည်။ TNLA သည် ဗကပပြိုကွဲမှုမှ ထွက်ပေါ်လာသည့် အဖွဲ့မဟုတ်သည့်တိုင် တရုတ်အစိုးရသည် ၎င်းအပေါ် အတိုင်းအတာတစ်ခုအထိ သြဇာလွှမ်းမိုးသည်။ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုနှင့် ယဉ်ကျေးမှု တို့အရ ၎င်းတို့အကြား ဆက်ဆံမှုရှိသည့်အပြင် TNLA နှင့် (အထူးသဖြင့် UWSA အဖွဲ့ အပါအဝင်) အခြားတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကြားရှိ နီးကပ်သောဆက်ဆံရေးတို့ကြောင့်ဟု ဆိုနိုင် သည်။

ဆယ်နှစ်တာနိုင်ငံရေးဖြေလျှော့မှုအတွင်း တရုတ်သည် မြန်မာအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များအကြား အဓိကကျသည့် နိုင်ငံတကာစေ့စပ်ညှိနှိုင်းသူအဖြစ်ပါဝင်ခဲ့

[59] ၂၀၂၃၊ မေတွင် ရှမ်းပြည်နယ်အခြေစိုက် သုတေသီတစ်ဦးအား Crisis Group ၏ မေးမြန်းချက်ကို ကိုးကားသည်။

သည်။[60] ၂၀၁၃ ခုနှစ်တွင် ဘေဂျင်းအစိုးရ၏ စေ့စပ်ညှိနှိုင်းမှုကြောင့် စစ်တပ်နှင့် KIO တို့ အလွတ်သဘောအပစ်ရပ်ခဲ့သည်။ နောက်ပိုင်းတွင် ဦးသိန်းစိန်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်ရှစ်ဖွဲ့တို့ NCA စာချုပ်လက်မှတ်ရေးထိုးရာ တရုတ်အစိုးရက အသိသက်သေအဖြစ် ကိုယ်စားလှယ်တစ်ဦး စေလွှတ်ခဲ့သည်။[61] တရုတ်အစိုးရသည် တရုတ်-မြန်မာနယ်စပ်တစ်လျှောက်ရှိ တိုင်းရင်းသားလက်နက်ကိုင်တပ်များနှင့် နီးကပ်သော ဆက်ဆံရေးတစ်ရပ်တည်ဆောက်ခဲ့သည်။ ထိုတပ်ဖွဲ့အများစုမှာ NCA စာချုပ်ကို လက်မှတ်ရေးထိုးရန် ငြင်းဆန်ခဲ့သည့် အဖွဲ့များလည်းဖြစ်နေသည်။[62] အဆိုပါအဖွဲ့များသည် ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) ဟူသည့်အမည်ဖြင့် မဟာမိတ်တစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် ၎င်းခုနှစ်ဖွဲ့ကို ငြိမ်းချမ်းရေးညီလာခံတက်ရောက်ရန် ဘေဂျင်းအစိုးရက ဖိအားပေးခဲ့ပြီး တရုတ်နိုင်ငံ၊ ကူမင်းမြို့မှ နေပြည်တော်သို့သွားရောက်ရန် လေယာဉ်စင်းလုံးပင် ငှားရမ်းပေးခဲ့ဖူးသည်။[63]

အာဏာသိမ်းချိန်မှစ၍ တရုတ်အစိုးရသည် တရုတ်-မြန်မာနယ်စပ်ရှိ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကို တွေ့ဆုံဆွေးနွေးရန် စစ်တပ်မှကမ်းလှမ်းလာပါက လက်ခံရန်နှင့် NUG အစိုးရသို့မဟုတ် စစ်တပ်ဆန့်ကျင်ရေးအဖွဲ့အစည်းများနှင့် အဆက်အသွယ်မလုပ်ရန် တိုက်တွန်းခဲ့သည်။[64] တရုတ်-မြန်မာနယ်စပ်တစ်လျှောက်တိုက်ပွဲများ ဖြစ်ပွားလာမည်ကို စိုးရိမ်သဖြင့် ၂၀၂၂ ခုနှစ် နှောင်းပိုင်းမှစ၍ တရုတ်အစိုးရသည် အဆိုပါအဖွဲ့များကို ပိုမိုတက်ကြွစွာဆက်ဆံလာသည်။ ၎င်း၏ နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို ထိခိုက်စေနိုင်သည့် ထိတွေ့ပစ်ခတ်မှုများကို ရှောင်ကြဉ်ကြရန် တရုတ်အစိုးရမှ စစ်တပ်နှင့် တိုင်းရင်းသားတပ်ဖွဲ့များကို တိုက်တွန်းခဲ့သည်။ တရုတ်အစိုးရ၏စီစဉ်မှုဖြင့် စစ်တပ်နှင့် TNLA အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်သုံးဖွဲ့ တို့သည် ဇွန်လတွင် မိုင်းလား၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ အဆိုပါအစည်းအဝေးသည် တရုတ်၏ ဩဇာ မည်မျှလွှမ်းမိုးထားသည်ကို ပြသနေသည်။ တရုတ်အစိုးရက အဆိုပါအစည်းအဝေးကို

[60] ၂၀၂၀၊ မတ်၊ ၃၀ရက်တွင် Crisis Group မှ ထုတ်ပြန်သည့် အာရှအစီရင်ခံစာ အမှတ် ၃၀၅၊ *Commerce and Conflict: Navigating Myanmar's China Relationship* (အကျိုးစီးပွားနှင့် ပဋိပက္ခ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံကြားက ဆက်ဆံရေးကို ပုံဖော်ကြည့်ခြင်း) စာတမ်းကို ကိုးကားသည်။

[61] ၂၀၁၃၊ ဇွန် ၁၂ ရက်တွင် Crisis Group မှ ထုတ်ပြန်သည့် အာရှရေးရာအကျဉ်းချုပ်တင်ပြချက် အမှတ် ၁၄၀၊ *A Tentative Peace in Myanmar's Kachin Conflict* (မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်အတွင်းက မြေစမ်းခရမ်းပျိုးငြိမ်းချမ်းရေး) စာတမ်းကို ကိုးကားသည်။

[62] လက်ရှိတွင် ရက္ခိုင့်တပ်တော်သည် ရခိုင်ပြည်နယ်အတွင်း အဓိကလှုပ်ရှားနေသော်လည်း ၎င်းကို တရုတ်နယ်စပ်တွင် စတင်တည်ထောင်ခဲ့ပြီး လက်ရှိအချိန်အထိ အဆိုပါနယ်စပ်ဒေသတွင် တပ်အချို့ထားရှိသေးသည်။

[63] FPNCC ကို ၂၀၁၇၊ ဧပြီတွင် ဖွဲ့စည်းခဲ့ပြီး UWSA အဖွဲ့မှ ဦးဆောင်သည်။ ၂၀၁၇၊ မေ၊ ၃၁ ရက်တွင် ရစ်ချက်ဟော်ဆေးရေးသား၍ *Nikkei Asia* မှ ဖော်ပြသည့် "Myanmar's peace conference leaves talks on uncertain path" ဆောင်းပါးကို ကိုးကားသည်။ အလားတူ ၂၀၁၈ တွင် တရုတ်နိုင်ငံက မြောက်ပိုင်းမဟာမိတ်အဖွဲ့ဝင်များ ငြိမ်းချမ်းရေးညီလာခံတက်ရောက်ရန် ခရီးစဉ်ကို စီစဉ်ပေးခဲ့သည်။

[64] အာဏာသိမ်းမှုနောက်ပိုင်း တရုတ်နိုင်ငံနှင့် အနီးစပ်ဆုံးအဖွဲ့သုံးဖွဲ့ဖြစ်သည့် UWSA၊ SSPP နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ် (မိုင်းလားအဖွဲ့) တို့သည် နေပြည်တော်သို့ အကြိမ်ကြိမ်သွားရောက်၍ စစ်တပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ သို့သော် TNLA၊ AA နှင့် MNDAA ကမူ စစ်တပ်ကိုယ်စားလှယ်များနှင့် နှစ်ကြိမ်သာ တွေ့ဆုံခဲ့သေးသည်။

စီစဉ်ခဲ့ကြောင်းနှင့် တက်ရောက်ရန် ဖိအားပေးခဲ့ကြောင်း နောက်ပိုင်းတွင် အဖွဲ့သုံးဖွဲ့က သတင်းဌာနများသို့ဆိုခဲ့သည်။[65] ၎င်းတို့အဖို့မူ အစည်းအဝေးမတက်ပါဟု ငြင်းဆန်ပါက တရုတ်အစိုးရ၏ ငြိုငြင်မှုကို ခံရနိုင်ဖွယ်ရှိသည်။ သို့တိုင် တရုတ်က ဖိအားပေး၍တက်ရပါသည်ဟု အကြောင်းပြခြင်းဖြင့် ၎င်းတို့သည် တရုတ်နိုင်ငံအပေါ် အကောင်းမမြင်သည့် မြန်မာပြည်သူများ၏ အမျက်တော်ရှခံရခြင်းမှ ကင်းလွတ်ခဲ့သည်။[66]

တရုတ်အစိုးရ၏ မြန်မာနိုင်ငံမြောက်ပိုင်းရှိ တိုင်းရင်းသားတပ်ဖွဲ့များအပေါ် ရှိသည့် သြဇာလွှမ်းမိုးမှုမှာ အကန့်အသတ်နှင့်သာဖြစ်သည်။ TNLA အပါအဝင် FPNCC အဖွဲ့ဝင်အများအပြားသည် NUG အစိုးရနှင့် သွယ်ဝိုက်ဆက်ဆံရုံမက PDF များ၊ စစ်တပ်ဆန့်ကျင်ရေးတပ်ဖွဲ့များကို သိုသိုသိပ်သိပ်ကူညီထောက်ပံ့ခဲ့သည်။[67] TNLA မှ PDF များကို စစ်သင်တန်းဆက်ပေးနေပြီး လက်နက်များလည်း ထောက်ပံ့လျက်ရှိသည်။ မန္တလေးတိုင်းနယ်စပ်တွင် PDF တပ်ဖွဲ့ဝင်များနှင့်ပင် အတူတကွတိုက်ပွဲဝင်လိုက်သေးသည်။ တစ်ချိန်တည်းတွင် ကိုးကန့်တပ်ဖွဲ့ဟု လူသိများသည့် မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ် (MNDAA) သည် ဗမာများအပါအဝင် ကိုးကန့်မဟုတ်သည့် လူနည်းစုတိုင်းရင်းသားများကိုစုစည်း၍ တပ်ရင်းတစ်ခုတည်ထောင်ခဲ့သည်။ အဆိုပါတပ်ရင်းသည် MNDAA တပ်ဖွဲ့ဝင်များနှင့်အတူ လားရှိုးမြို့နယ်အတွင်းရှိ ရဲစခန်းနှင့် စစ်တပ်စခန်းအချို့ကို ဇွန်လတွင် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။[68] အဆိုပါတပ်ရင်း၏ တပ်ဖွဲ့ဝင်များအတွက်မူ ပထမဆုံးအကြိမ်တိုက်ပွဲအတွေ့အကြုံပင်။ ထင်ရှားသောလက်နက်ကိုင်တပ်ဖွဲ့တစ်ခု၏ ခေါင်းဆောင်တစ်ဦးကမူ ၂၀၂၂ ခုနှစ်နှောင်းပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်အစိုးရတက်တက်ကြွကြွပါဝင်လာသည့်တိုင် ၎င်းတို့သည် TNLA နှင့် အခြားတိုင်းရင်းသားတပ်ဖွဲ့များထံမှ စစ်ရေးအကူအညီများစွာ ဆက်လက်ရရှိနေသည်ဟု Crisis Group သို့ ပြောကြားခဲ့သည်။[69] ယင်းအဖွဲ့ကို အာဏာသိမ်းနောက်ပိုင်းတွင်မှ ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံအနောက်ပိုင်းတွင် လှုပ်ရှားလျက်ရှိသည်။

တရုတ်အစိုးရ၏ အနီးဆုံးမဟာမိတ် UWSA သည်ပင်လျှင် ၎င်းတို့အကြား ဆက်ဆံရေးတွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို အလွှမ်းမိုးမခံပေ။ ဥပမာအားဖြင့် UWSA သည် TNLA ကဲ့သို့ ၎င်း၏

[65] ၂၀၂၃၊ ဇွန်၊ ၄ရက်တွင် VOA သတင်းဌာနမှ ဖော်ပြသည့် "Peace talks in Myanmar highlight China's increasing influence" (မြန်မာပြည်အတွင်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကြီးထွားလာသည့် တရုတ်၏ သြဇာအာဏာ) ဆောင်းပါးကို ကိုးကားသည်။

[66] အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့် Crisis Group ၏ *Commerce and Conflict* (စီးပွားရေးနှင့် ပဋိပက္ခ) အစီရင်ခံစာကို ကိုးကားသည်။

[67] ၂၀၂၃၊ မေမှ ဇွန်အတွင်း ပြုလုပ်ခဲ့သည့် Crisis Group ၏ မေးမြန်းချက်များမှ ကိုးကားသည်။

[68] ၂၀၂၃၊ ဇန်နဝါရီ၊ ၄ရက်တွင် RFA Burmese မှ ဖော်ပြခဲ့သည့် "MNDAA စစ်သင်တန်းဆင်းပွဲ တော်လှန်ရေးထူးခြားတိုးတက်မှုလို့ BPLA ခေါင်းဆောင်ပြော"ဟူသည့် သတင်းမှ ကိုးကားသည်။

[69] ၂၀၂၃၊ ဇွန်တွင် Crisis Group မှ ထင်ရှားသော စစ်အာဏာသိမ်းမှုဆန့်ကျင်ရေးအဖွဲ့၏ ခေါင်းဆောင်တစ်ဦးကို မေးမြန်းချက်။

မဟာမိတ်များမှတစ်ဆင့် စစ်တပ်ဆန့်ကျင်ရေးလက်နက်ကိုင်တပ်ဖွဲ့များအား လက်နက်များ သွယ်ဝိုက်ထောက်ပံ့ခဲ့သည်။[70]

# (၄) **တအာင်းတို့၏ အုပ်ချုပ်မှုနှင့် လူမှုရေးစနစ် - TNLA Model**

အာဏာသိမ်းမှုအလွန်တွင် TNLA သည် နယ်မြေလုံခြုံရေးအတွက်သာမက ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့များတွင် အင်အားကြီးမားလာစေရန်နှင့် ထိန်းချုပ်ထားပြီးဖြစ်သည့်နယ်မြေများတွင် ပိုမိုထိရောက်စွာအုပ်ချုပ်နိုင်ရန်လည်း ကြိုးပမ်းခဲ့သည်။ ယင်းအတွက် အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်ပေးနိုင်သည့် တအာင်းအရပ်ဘက်အဖွဲ့အစည်းများနှင့် TNLA သည် ပိုမိုနီးကပ်စွာဆက်ဆံလာသည်။ KIO နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့ကဲ့သို့ သက်တမ်းရင့်အုပ်ချုပ်ရေးယန္တရားဖြစ်မလာသေးသော်လည်း ၎င်း၏ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ အထူးသဖြင့် ပညာသင်ကြားရေးအစီအစဉ်များကြောင့် TNLA အပေါ် တအာင်းလူထု၏ထောက်ခံမှု ပိုမိုမြင့်တက်လာသည်။ KNU ကို ၁၉၄၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ထိုင်း-မြန်မာနယ်စပ်တစ်လျှောက် အုပ်ချုပ်မှုအခိုင်အမာဖြင့်လှုပ်ရှားနေသည့် ဝါရင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ခုဖြစ်သည်။ စစ်မှုထမ်းသက် ငါးနှစ်ရှိ တအာင်းစစ်သည်တစ်ဦးကမူ TNLAနှင့် တအာင်းလူထုအကြားက ဆက်ဆံရေးသည် သမိုင်းတစ်လျှောက် "အကောင်းဆုံးအခြေအနေတွင်ရှိသည်"ဟုဆိုသည်။ ယင်းပြောဆိုချက်ကို တအာင်းဒေသခံများနှင့် အရပ်ဘက်အဖွဲ့များကလည်း လက်ခံသည်။[71]

## (က) အုပ်ချုပ်ရေးနှင့် တရားဥပဒေ စိုးမိုးရေး

TNLA ၏ နိုင်ငံရေးဦးဆောင်အဖွဲ့ PSLF သည် အဖွဲ့ဝင်ပေါင်း ၁၅၀၀ ခန့်ပါဝင်သည့် အုပ်ချုပ်ရေးယန္တရားတစ်ခုကို လည်ပတ်နေသည်။ အဆိုပါအဖွဲ့ဝင်အများစုသည် နှစ်နှစ်ကြာအုပ်ချုပ်မှုပညာသင်တန်းအောင်မြင်ပြီးသူများဖြစ်သည်။ အုပ်ချုပ်မှုယန္တရားကို အခွန်ကောက်ခံခြင်းမှစ၍ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများအထိ လုပ်ငန်းစဉ်များစွာကို ဌာန ၁၃ ခုဖြင့် ဖွဲ့စည်းထားသည်။[72] လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သော TNLA သည် PSLF ၏ ကာကွယ်ရေးဌာနလည်းဖြစ်သည်။ စာရွက်ပေါ်တွင် TNLA သည် နိုင်ငံရေးနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းဖြစ်သော PSLF ၏ လက်အောက်ခံအဖွဲ့ဖြစ်သည်။ သို့သော် လက်တွေ့တွင်မူ အဆိုပါအဖွဲ့အစည်းနှစ်ခုအကြား ကွာခြားချက်မှာ အနည်းငယ်သာရှိပြီး TNLA သည် ပို၍အရေးပါသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ PSLF အရာရှိအများစုမှာ လက်နက်ကိုင်တပ်ဖွဲ့ TNLA မှ တာဝန်ပေးအပ်ခံထားရ

[70] အများအားဖြင့် ဝစီးပွားရေးသမားတစ်ဦးမှ လက်နက်များကို ရောင်းချလေ့ရှိသည်။ အကယ်၍ နေပြည်တော်နှင့် ဘေဂျင်းမှ စွပ်စွဲလာပါက UWSA အနေဖြင့် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ငြင်းဆန်နိုင်အောင်ဖြစ်သည်။ ၂၀၂၃၊ ဧပြီတွင် TNLA နှင့် နီးစပ်သော သတင်းရင်းမြစ်တစ်ဦးအား Crisis Group ၏ မေးမြန်းချက်ကို ကိုးကားသည်။

[71] ၂၀၂၃၊ ဧပြီမှ ဇွန်အတွင်း Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များကို ကိုးကားသည်။

[72] ၂၀၂၃၊ မေမှ ဇွန်အတွင်း Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များကို ကိုးကားသည်။

သူများဖြစ်သည်။ ကျန်းမာရေးဌာနဝန်ထမ်းများမှလွဲ၍ PSLF အဖွဲ့ဝင်အများစုသည် TNLA တပ်ဖွဲ့၏ စစ်ဝတ်စုံကိုသာဝတ်ဆင်ရသည်။[73]

မည်သို့ပင်ဆိုစေ TNLA ၏ အုပ်ချုပ်ရေးယန္တရားသည် ပိုမိုအားကောင်းလာသည်နှင့်အမျှ အရပ်သားအုပ်ချုပ်မှုလက္ခဏာ အသွင်ဆောင်လာသည်။ ပိုမိုကောင်းမွန်သည့် လူသစ်စုဆောင်းမှုနှင့် လေ့ကျင့်ရေးစနစ်များကြောင့် လုပ်ငန်းခွင်စံနှုန်းများ တဖြည်းဖြည်းမြင့်တက်လာသည်။ ဥပမာအားဖြင့် ပညာအရည်အချင်းမြင့်မားသော တပ်သားသစ်များသည် သုံးလခန့်စစ်ပညာသင်ယူပြီးပါက အုပ်ချုပ်ရေးယန္တရားတွင် တာဝန်ထမ်းဆောင်ရသည်။[74] အချိန်ကြာမြင့်လာသည်နှင့်အမျှ ဒေသခံအသိုင်းအဝိုင်း၏လိုအပ်ချက်ကို အုပ်ချုပ်ရေးယန္တရားက ဖြည့်ဆည်းပေးနိုင်သည်အထိ TNLA အဖွဲ့က ကြိုးပမ်းလာသည်။ အုပ်ချုပ်ရေးတွင် ရာထူးကြီးကြီးရယူထားသည့် အရာရှိများသည် အချို့သောကျေးရွာများသို့ လစဉ်ပုံမှန်ကွင်းဆင်းလေ့ရှိကာ ဒေသခံများနှင့်တွေ့ဆုံပြီး ၎င်းတို့၏လိုအပ်ချက်၊ အကြံပြုချက်များကို နားထောင်လေ့ရှိသည်။[75]

TNLA အဖွဲ့သည် ၎င်း၏အုပ်ချုပ်မှုပုံစံကို မြန်မာအစိုးရ၏ယန္တရားအတိုင်း ဖွဲ့စည်းထားသည်။ ဗဟိုအထွေထွေအုပ်ချုပ်ရေးရုံးတစ်ခုထားရှိပြီး ၎င်း၏လက်အောက်တွင် ခရိုင်အဆင့်အုပ်ချုပ်ရေးရုံးငါးရုံး၊ မြို့နယ်အဆင့်အုပ်ချုပ်ရေးရုံး ၁၈ ရုံးရှိသည်။ ကျေးရွာအုပ်စုအဆင့်တွင်မူ အုပ်ချုပ်ရေးရုံးအများအပြားထားရှိသည်။[76] အုပ်ချုပ်ရေး၏ အောက်ခြေထောက်တိုင်များဟုဆိုနိုင်သည့် ကျေးရွာအုပ်ချုပ်ရေးမှူးများသည် ယခင်က အစိုးရလက်အောက်တွင် အဆိုပါတာဝန်ထမ်းဆောင်ခဲ့သူများဖြစ်သည်။ သို့သော် ၎င်းတို့နေထိုင်ရာအရပ်ဒေသများသည် TNLA ထိန်းချုပ်နယ်မြေအတွင်းသို့ ကျရောက်သွားပြီးနောက်ပိုင်းတွင် ၎င်းတို့ကို TNLA အဖွဲ့က ဆက်လက်တာဝန်ထမ်းဆောင်စေခဲ့သည်။[77] အုပ်ချုပ်မှုစနစ်အတွင်း ကျေးရွာများတွင် အလွတ်သဘောခန့်အပ်သည့် ရွာသူကြီးများရှိပြီး ၎င်းတို့ကို ရပ်ရွာလူထုက ဝန်းရံထောက်ခံသည်။ ၎င်းတို့တွင် ရုံးခန်းမရှိ။ နေအိမ်မှ လွတ်လွတ်လပ်လပ်ရပ်ရွာကိစ္စများ သယ်ပိုးရပြီး ၎င်းတို့ကို ခံစားခွင့်အဖြစ် ငွေသားပေးလေ့မရှိဘဲ ဆန်နှင့်အခြားစားစရာများကဲ့သို့ ပစ္စည်းများပေးအပ်လေ့ရှိသည်။

ရပ်ရွာတိုးတက်ရေးမှာ ၎င်းတို့၏ အရေးပါသောလုပ်ငန်းဖြစ်သော်လည်း အုပ်ချုပ်ရေးမှူးများအတွက် အဓိကကျသည့် နောက်ထပ်တာဝန်တစ်ခုမှာ TNLA အတွက် စဉ်ဆက်မပြတ်တပ်သားသစ်များစုဆောင်းရေးဖြစ်သည်။ အုပ်ချုပ်မှုယန္တရား ပိုမိုအားကောင်းလာသည့်နောက်ပိုင်း TNLA သည် တအာင်းအသိုင်းအဝိုင်းတွင် စစ်မှုမထမ်းမနေရအမိန့်ကို ပိုမိုစနစ်ကျစွာ အကောင်အထည်ဖော်လာနိုင်ရာ ယင်းကိုရှောင်လွှဲရန် ပိုမိုခက်ခဲလာတော့သည်။ "ကျနော်က ရွာမှာရှိတဲ့လူငယ်စာရင်းကို အမြဲပြုစုရပြီး TNLA အုပ်ချုပ်ရေးရုံးကို အစီရင်ခံရတယ်။ ဒါက ကျနော့်ရဲ့အဓိက

[73] ၂၀၂၃၊ မေမှ ဇွန်အတွင်း Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များကို ကိုးကားသည်။

[74] ၂၀၂၃၊ မေမှ ဇွန်အတွင်း Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များကို ကိုးကားသည်။

[75] ၂၀၂၃၊ ဇွန်တွင် နမ့်ဆန်မြို့နယ်ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးအား Crisis Group ၏ မေးမြန်းချက်ကို ကိုးကားသည်။

[76] TNLA မှ သတ်မှတ်ထားသော မြို့နယ်များတွင် အစိုးရသတ်မှတ်သည့် မြို့နယ် ၁၂ခု၏ အစိတ်အပိုင်းများ ပါဝင်သည်။

[77] ၂၀၂၃၊ မေမှ ဇွန်အတွင်း Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များကို ကိုးကားသည်။

တာဝန်တွေထဲက တစ်ခုပေါ့။ ဒီလိုလုပ်တာကို သဘောမကျပေမဲ့ အဖွဲ့အစည်းရဲ့မူဝါဒကိုတော့ လိုက်နာရတာပါပဲ"ဟု အုပ်ချုပ်ရေးမှူးတစ်ဦးက ရင်ဖွင့်သည်။ [78]

အခြားတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကဲ့သို့ပင် TNLA ကလည်း ၎င်း၏ ထိန်းချုပ်နယ်မြေတွင် ငွေကြေး၊ အရင်းအမြစ် အမြောက်အမြားသုံး၍ ကိုယ်ပိုင်တရားစီရင်ရေးစနစ်ကို သန္ဓေတည်ခဲ့သည်။[79] TNLA တပ်ဖွဲ့ဝင်အများစုဖြင့်ပင် ရဲတပ်ဖွဲ့ကို ၂၀၁၈ ခုနှစ်တွင် ဖွဲ့စည်းသည်။[80] အာဏာသိမ်းမှုနောက်ပိုင်း တရားရုံးနှင့် အချုပ်ထောင် အများအပြားတည်ဆောက်ခဲ့ရုံမက တရားရေးဝန်ထမ်းများမွေးထုတ်ရန် ဥပဒေကျောင်းတစ်ခုကိုလည်း တည်ထောင်ခဲ့သည်။ CDM ဝင်ပြီးနောက် TNLA နယ်မြေတွင် ခိုလှုံနေသည့် အစိုးရဝန်ထမ်းနှင့် ရှေ့နေအချို့၏ အကူအညီဖြင့် အဆိုပါကျောင်းကိုလည်းပတ်ခဲ့သည်။ မြို့ကြီးများတွင် အစိုးရတရားရုံးများရှိသည့်တိုင် တအာင်းလူမျိုးအများစုသည် ယခုတွင် TNLA အဖွဲ့၏ တရားစီရင်ရေးစနစ်ကို အားကိုးလာကြပြီဖြစ်သည်။[81]

သို့သော် လက်ရှိတွင် တအာင်းတရားစီရင်ရေးစနစ်သည် မြန်မာဥပဒေအချို့ (ဥပမာ ရာဇသတ်ကြီးနှင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ)၊ TNLA ၏ အမိန့်နှင့် ဥပဒေထုတ်ပြန်ချက်များ၊ အင်္ဂလိပ်ဘုံဥပဒေနှင့် ရိုးရာဥပဒေ စသည့် ရောနှောထားသည့်ဥပဒေများကို အသုံးပြုလျက်ရှိပြီး သက်တမ်းနုနယ်သေးသည်။ ၂၀၂၂ ခုနှစ်တွင် အမှုကိစ္စပေါင်း ၁၀၀ ဝန်းကျင်ခန့်ကို ကိုင်တွယ်စစ်ဆေးခဲ့ပြီး အများစုမှာ မူးယစ်ဆေးဝါးအမှုများဖြစ်သည်။[82] သင်တန်းဆင်းပြီး တရားသူကြီးအရေအတွက် အနည်းငယ်သာရှိသေးပြီး ထိန်းချုပ်ဒေသအတွင်း နေရာအများအပြားတွင် တရားရုံးများမရှိပေ။ သို့ဖြစ်ရာ အမှုအခင်းများကို အုပ်ချုပ်ရေးရုံးများတွင် ကြားနာစစ်ဆေးလေ့ရှိပြီး အလွတ်သဘောညှိနှိုင်းမှုဖြင့် ဖျန်ဖြေလေ့ရှိရာ အမှုအရေအတွက်မှာ သိပ်မများပြားလှပေ။[83] ဒေသတွင်းသတင်းများအရ မသင်္ကာမှုဖြင့် ဖမ်းဆီးခံရသူအချို့သည် ထိန်းသိမ်းခံရစဉ်ကာလအတွင်းမှာပင် ထွက်ပြေးလွတ်မြောက်သွားလေ့ရှိရာ လုံခြုံရေးတာဝန်ယူရသည့် ရဲတပ်ဖွဲ့အတွင်း လေ့ကျင့်သင်ကြားမှုနှင့်

[78] ၂၀၂၃၊ ဇွန်တွင် နမ့်ဆန်မြို့နယ်ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးအား Crisis Group ၏ မေးမြန်းချက်ကို ကိုးကားသည်။

[79] ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ ကိုယ်ပိုင်တရားစီရင်ရေးစနစ်များနှင့် ပတ်သက်၍ Frontier Myanmar သတင်းဌာနမှ ၂၀၂၃၊ ဇူလိုင်၊ ၁၀ရက်တွင် ဖော်ပြသည့် “Law and order, or frontier justice? Shan’s armed group judiciaries” (တရားဥပဒေစိုးမိုးရေးလား တောင်ပေါ်ဒေသတရားရေးလား? ရှမ်းပြည်နယ်က လက်နက်ကိုင်တပ်များ၏ တရားရေးစနစ်များ) ဆောင်းပါးကို ကိုးကားသည်။

[80] ဒေသခံများကမူ ရဲတပ်ဖွဲ့သည် လက်နက်ကိုင်တပ်ဖွဲ့နှင့် သိပ်မကွာခြားဟုဆိုသည်။ အကြောင်းမှာ ၎င်းတို့ကလည်း TNLA စစ်ဝတ်စုံများ ဆက်လက်ဝတ်ဆင်ထား၍ဖြစ်သည်။ ၂၀၂၃၊ မေမှ ဇွန်အတွင်း Crisis Group ၏ ဆက်သွယ်မေးမြန်းမှုများကို ကိုးကားသည်။

[81] ၂၀၂၃၊ မေမှ ဇွန်အတွင်း Crisis Group ၏ ဆက်သွယ်မေးမြန်းမှုများကို ကိုးကားသည်။

[82] “Law and order, or frontier justice?" ဆောင်းပါးနှင့် ၂၀၂၂၊ မေ၊ ၁၈ရက်တွင် တအာင်းပြည်နယ်၊ တရားစီရင်ရေးဌာနက ၎င်းတို့၏ လူမှုကွန်ရက်စာမျက်နှာတွင် တင်ပြထားသည့် ရေးသားချက်ကို ကိုးကားသည်။

[83] ၂၀၂၃၊ မေတွင် TNLA ခေါင်းဆောင်ပိုင်းနှင့် ရင်းနှီးသည့် သတင်းရင်းမြစ်တစ်ဦးအား Crisis Group ၏ ဆက်သွယ်မေးမြန်းချက်ကို ကိုးကားသည်။

အရင်းအမြစ်နည်းပါးမှုကို ပြသလျက်ရှိသည်။[84] TNLA ထိန်းချုပ်နယ်မြေတွင်းမှ ဒေသခံအချို့ ကလည်း TNLA ၏ တရားစီရင်မှုစနစ်သည် ပွင့်လင်းမြင်သာမှုနှင့် သမာသမတ်ကျမှုမရှိကြောင်း ပြစ်တင်ပြောဆိုသည်။[85]

## (ခ) ပညာရေး

TNLA သည် ပညာရေးကို ဦးစားပေးလုပ်ငန်းစဉ်အဖြစ် သတ်မှတ်ထားသည်။ အာဏာ သိမ်းစဉ် မြန်မာပြည်တစ်ဝန်းရှိ အစိုးရစာသင်ကျောင်းများသည် ကိုဗစ်-၁၉ကပ်ရောဂါကြောင့် ပိတ်ပင်ထားရသည်။ ၂၀၂၁ ခုနှစ်၊ ဇွန်လတွင် စစ်တပ်က စာသင်ကြောင်းများကို ပြန်လည်ဖွင့်လှစ် ရန်ကြိုးပမ်းခဲ့သည်။ တအာင်းဒေသတွင်မူ ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများ ထွက်ပြေး တိမ်းရှောင်၊ သို့မဟုတ် ဆန္ဒပြပွဲများတွင်ပါဝင်သဖြင့် စာသင်ကျောင်းများကို ဆက်လက်ပိတ် ထားရသည်။ ထိုကာလတွင် TNLA သည် NUG အစိုးရနှင့်ပူးပေါင်းပြီး တအာင်းအမျိုးသား ပညာရေးကော်မတီ (TNEC) ကို တည်ထောင်ခဲ့သည်။ TNEC သည် တည်ဆဲတအာင်းအရပ်ဘက် အဖွဲ့အစည်းတစ်ခုဖြစ်သော Ta'ang Education Institute ၏ အစိတ်အပိုင်းတစ်ခုဖြစ်လာသည်။ အမျိုးသမီးအများစုဖြင့် ပါဝင်ဖွဲ့စည်းထားသည့်ဒေသခံများ၊ TNLA နယ်မြေတွင် ခိုလှုံသည့် ဆရာ၊ ဆရာမများ၏အင်အားဖြင့် TNEC သည် တအာင်းဒေသတွင် စာသင်ကျောင်း ၄၂၀ ကျော် ဖွင့်လှစ် ခဲ့ပြီး ကျောင်းသူ၊ ကျောင်းသား ၂၅,၀၀၀ ကျော်ကို ပညာသင်ပေးခဲ့သည်။[86] ယင်းစာသင်ကျောင်း များတွင် အစိုးရပညာရေးစနစ်၏ သင်ရိုးညွှန်းတမ်းများအတိုင်းသင်ကြားပေးပြီး တအာင်းစာပေ၊ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းတို့ကိုလည်း ထပ်ဆောင်းသင်ယူရသည်။ သို့ဖြစ်ရာ တအာင်း ဘာသာကိုသာမက ဗမာစကားကိုပါ သင်ကြားရေးအတွက် အသုံးပြုရသည်။[87] ကနဦးတွင် အခက်အခဲအချို့ကြုံတွေ့ခဲ့ရသော်လည်း TNEC ဦးဆောင်သည့် စာသင်ကျောင်းများနှင့် ပညာသင် ကြားရေးအစီအစဉ်သည် ဒုတိယနှစ်တွင်မူ တိုးတက်မှုများ သိသိသာသာရှိလာသည်။[88]

မကြာသေးမီက TNEC သည် NUG အစိုးရနှင့်ပူးပေါင်းပြီး အဆင့်မြင့်အတန်းပညာရေး အစီအစဉ်တစ်ရပ် အကောင်အထည်ဖော်ရန် ကြိုးပမ်းလာသည်။ တအာင်းပြည်တက္ကသိုလ် တစ်ခုဖွင့်လှစ်မည်ဟု TNEC မှ ဇွန်လတွင် ကြေညာခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် အာဏာ သိမ်းမှုတို့ကြောင့် အဆင့်မြင့်အတန်းပညာနှောင့်နှေးခဲ့ရသည့် ကျောင်းသားများအတွက် ရည်ရွယ်

[84] ဧပြီလကုန်တွင် ကွတ်ခိုင်မြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှုကျူးလွန်သည်ဟု စွပ်စွဲခံရသဖြင့် ဖမ်းဆီးခံထားရသူ တစ်ဦးသည် TNLA က ထိန်းသိမ်းထားစဉ် ရုံးတင်စစ်ဆေးမခံရမီ အချုပ်ထောင်မှ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။ အဆိုပါဒေသတွင် ၂၀၂၂တွင်လည်း အလားတူ ဖြစ်စဉ်တစ်ခုပေါ်ပေါက်ခဲ့သည်။ ရွှေဖီမြေသတင်းဌာနက ၂၀၂၃၊ မေ၊ ၃၀ရက်တွင် ဖော်ပြသည့် "ကွတ်ခိုင်မှာ TNLA ဖမ်းဆီးထားတဲ့ အဓမ္မပြုကျင့်သူတရားခံ ထွက်ပြေးလွတ်မြောက်နေ" သတင်းကို ကိုးကားသည်။

[85] ၂၀၂၃၊ မေတွင် တအာင်းနိုင်ငံရေးသမားတစ်ဦးကို Crisis Group ၏ ဆက်သွယ်မေးမြန်းချက်မှ ကိုးကားသည်။

[86] ၂၀၂၃၊ ဩဂုတ်တွင် အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်တစ်ဦးကို Crisis Group ၏ ဆက်သွယ်မေးမြန်းချက်မှ ကိုးကားသည်။

[87] ၂၀၂၃၊ မေမှ ဩဂုတ်အတွင်း ပြုလုပ်ခဲ့သည့် Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။

[88] ၂၀၂၃၊ မေတွင် တအာင်းနိုင်ငံရေးသမားတစ်ဦးကို Crisis Group ၏ ဆက်သွယ်မေးမြန်းချက်မှ ကိုးကားသည်။

ကြောင်းဆိုသည်။ အာဏာသိမ်းမှုမတိုင်မီက တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သူများ သို့မဟုတ် NUG အစိုးရ၊ ပညာရေးဝန်ကြီးဌာန၏ အခြေခံပညာပြီးမြောက်ကြောင်း စစ်ဆေးအကဲဖြတ်ခြင်း အောင်မြင်ပြီးသူ မည်သူမဆို လျှောက်ထားနိုင်ကြောင်း သိရသည်။ မြန်မာ့နွေဦးအွန်လိုင်း တက္ကသိုလ်ကဲ့သို့ NUG ၏ မိတ်ဖက်ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အတန်းများကို ဖွင့်လှစ်သွားမည်ဖြစ်သည်။[89] လက်အောက်ခံစာသင်ကျောင်းများအတွက် ဆရာ၊ ဆရာမများ မွေးထုတ်နိုင်ရန် TNEC သည် အသစ်တည်ထောင်ထားသည့် တအာင်းပညာရေးအကယ်ဒမီတွင် တစ်နှစ်ကြာမြင့်မည့် ဆရာဖြစ်သင်တန်းကို သင်တန်းသားဦးရေ ၁၅၀ ခန့်ဖြင့် စတင်ဖွင့်လှစ်မည် ဖြစ်သည်။[90]

ဒေသခံတအာင်းလူထုကမူ TNLA အုပ်ချုပ်မှုအောက်တွင် ပညာရေးကဏ္ဍသည် သိသိသာသာ တိုးတက်လာသည်ဟုဆိုသည်။ TNEC လက်အောက်ခံ စာသင်ကျောင်းများအနက် လေးပုံ၊ သုံးပုံ ခန့်သည် ယခင်အစိုးရစာသင်ကျောင်းမရှိခဲ့ဖူးသည့် ကျေးရွာများတွင်တည်ရှိသည်။[91] မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ပညာသင်ကြားရေးအစီအစဉ်များက အမျိုးသမီးများအကြားတွင် အထူးရေပန်းစားသည်။[92] "ကလေးတွေက ခုဆိုရင် ကျွန်မတို့ဘာသာစကားကို လေ့လာနိုင်ပြီ"ဟု နမ္မတူမြို့နယ်၊ ကျေးလက်ဒေသရှိ အမျိုးသမီးတစ်ဦးကပြောသည်။ အဆိုပါဒေသတွင် မကြာသေးမီက TNEC မှ စာသင်ကျောင်းတစ်ခုဖွင့်လှစ်ပေးခဲ့သည်ဟု ၎င်းက ဝမ်းသာအားရပြောဆိုသည်။ "တက္ကသိုလ်တစ်ခုလည်း ဖွင့်မယ်လို့ကြားတဲ့အတွက် ကျွန်မအရမ်းဝမ်းသာတယ်။ ကျွန်မတို့ ကလေးတွေအတွက် ပိုပြီးတောက်ပတဲ့အနာဂတ်ရှိလာတော့မယ်"ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။[93]

## (ဂ) အရပ်ဘက်အဖွဲ့အစည်းများနှင့် မိတ်ဖက်ဆက်ဆံရေး

စစ်အာဏာသိမ်းမှုက TNLA အတွက် ၎င်း၏အုပ်ချုပ်မှုယန္တရားကို အတားအဆီးကြီးကြီး မားမားမရှိဘဲ ချဲ့ထွင်ရန် အခြေအနေတစ်ခုဖန်တီးပေးခဲ့သည်။ ထို့ပြင် ၂၀၂၁ ခုနှစ်မတိုင်ခင်က

[89] ၂၀၂၃၊ ဇွန်၊ ၂၀ရက်တွင် တအာင်းအမျိုးသားပညာရေးကော်မတီ၏ ဖေ့စ်ဘွတ်ခ်ထုတ်ပြန်ချက်ကို ကိုးကားသည်။ NUG အစိုးရသည် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းတို့ပါဝင်သည့် စင်ပြိုင်ပညာရေးစနစ်တစ်ရပ်ကို တည်ထောင်ခဲ့ပြီး အွန်လိုင်းမှတစ်ဆင့် သင်ကြားရေးအစီအစဉ်များကို ပို့ချခဲ့သည်။ ထို့ပြင် NUG သည် စာသင်ကျောင်းများကိုယ်တိုင် မိမိရွေးချယ်သည့် သင်ရိုး၊ ဘာသာစကားနှင့် သင်ကြားနိုင်ပြီး ဗဟိုချုပ်ကိုင်မှုမရှိသော ပညာရေးစနစ်ကို အာမခံသည့် ဖက်ဒရယ်ဒီမိုကရေစီပညာရေးမူဝါဒတစ်ရပ်ကို ရေးဆွဲထားသည်။ ၂၀၂၃၊ ဖေဖော်ဝါရီ၊ ၂၃ရက်တွင် ရောဝတီသတင်းဌာနမှ ဖော်ပြခဲ့သည့် "We are developing the ability to make changes and build the future" ဆောင်းပါးကို ကိုးကားသည်။

[90] ၂၀၂၃၊ ဇွန်၊ ၂၆ ရက်တွင် တအာင်းအမျိုးသားပညာရေးကော်မတီ၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာမှ ထုတ်ပြန်ချက်ကို ကိုးကားသည်။

[91] ၂၀၂၃၊ ဩဂုတ်တွင် အရပ်ဘက်အဖွဲ့ တက်ကြွလှုပ်ရှားသူတစ်ဦးကို Crisis Group ၏ ဆက်သွယ်မေးမြန်းချက်မှ ကိုးကားသည်။

[92] ၂၀၂၃၊ မေမှ ဇွန်အတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။

[93] ၂၀၂၃၊ မေတွင် နမ္မတူဒေသခံတစ်ဦးကို Crisis Group ၏ ဆက်သွယ်မေးမြန်းချက်မှ ကိုးကားသည်။

မဖြစ်နိုင်ခဲ့သော တအာင်းအရပ်ဘက်အဖွဲ့အစည်းများနှင့် ၎င်း၏ကြားရှိ ဆက်ဆံရေးကို ပိုမိုမြှင့်တင်ရန်လည်း အခွင့်ကောင်းတစ်ခုဖြစ်လာခဲ့သည်။ အင်အားတောင့်တင်းသည့် တအာင်းအရပ်ဘက်အဖွဲ့အစည်း တစ်ဒါဇင်ခန့်ရှိပြီး ၎င်းတို့သည် ကျန်းမာရေးနှင့် ပညာရေးကဲ့သို့ အများအကျိုးပြုလုပ်ငန်းများဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှုနှင့် ဘာသာရေး၊ အမျိုးသမီးနှင့် လူငယ်စွမ်းအားမြှင့်တင်ရေး၊ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးနှင့် လူ့အခွင့်အရေးမြှင့်တင်ရေး စသည့်ကဏ္ဍများတွင် လှုပ်ရှားကြသည်။ အာဏာမသိမ်းခင်ကဆိုလျှင် အဆိုပါတအာင်းအရပ်ဘက်အဖွဲ့များသည် မြို့များတွင်သာ အခြေစိုက်လှုပ်ရှားကြပြီး TNLA အဖွဲ့အားကောင်းသည့် ကျေးလက်ဒေသများသို့ လက်လှမ်းမမီခဲ့ပေ။ သို့တိုင် ၎င်းတို့အကြား အလွတ်သဘောထိတွေ့ဆက်ဆံမှုမျိုး အစဉ်တစ်စိုက် တည်ရှိခဲ့သည်။ ပဋိပက္ခနယ်မြေအတွင်း လုပ်ငန်းဆောင်ရွက်ရန် မဖြစ်နိုင်ခြင်းနှင့် TNLA အဖွဲ့နှင့် လူသိရှင်ကြားဆက်ဆံလျှင် တရားစွဲဆိုခံရနိုင်ခြင်းတို့ကြောင့် တက်ကြွလှုပ်ရှားသူများ၊ အရပ်ဘက်အဖွဲ့များသည် ကျေးလက်ဒေသများသို့ မပေါက်ရောက်နိုင်ဖြစ်ခဲ့ရသည်။[94] ၂၀၂၁ အာဏာသိမ်းမှုအလွန်တွင် အဆိုပါအခြေအနေသည် ပြောင်းလဲသွားခဲ့သည်။ တက်ကြွလှုပ်ရှားသူအများစုသည် ၂၀၂၁ အစောပိုင်းဆန္ဒပြပွဲများတွင် ပါဝင်ခဲ့ကြပြီး နောက်ပိုင်း အဖမ်းအဆီးကြမ်းလာချိန်တွင် TNLA ထိန်းချုပ်နယ်မြေသို့ ထွက်ပြေးခိုလှုံခဲ့ကြသည်။ ဤသို့ဖြင့် ၎င်းတို့နှင့် တအာင်းတပ်အကြား ဆက်ဆံရေးမှာ ပိုမိုနီးကပ်သွားသည်။[95]

TNLA အဖွဲ့၏ အာဏာသိမ်းမှုအလွန် အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆက်ဆံရေးသည် အခြားတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များမှ ၎င်းတို့ဒေသရှိ အရပ်ဘက်အဖွဲ့များကို ဆက်ဆံပုံနှင့်ကွာခြားသည်။ အခြားတိုင်းရင်းသားတပ်ဖွဲ့များကမူ အများအားဖြင့် အရပ်ဘက်အဖွဲ့များကို ထိန်းချုပ်ကန့်သတ်ရန် ကြိုးပမ်းလေ့ရှိသည်။ TNLA ကမူ တအာင်းအရပ်ဘက်အဖွဲ့များကို လုပ်ဖော်ကိုင်ဘက်အဖြစ် သဘောထားသည်။ ဖြစ်နိုင်ခြေတစ်ခုမှာ TNLA နှင့် အဆိုပါအရပ်ဘက်အဖွဲ့အစည်းများ၏ ထိပ်ပိုင်းခေါင်းဆောင်များသည် အရေအတွက်အားဖြင့် အနည်းငယ်သာရှိပြီး တစ်နည်းမဟုတ်တစ်နည်း ဆွေမျိုးနီးစပ်မှုများကြောင့်ဖြစ်နိုင်သည်။[96] အချို့သော TNLA ခေါင်းဆောင်များသည်ပင်လျှင် ယခင်က တအာင်းအရပ်ဘက်အဖွဲ့ကိုယ်စားလှယ်များဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်များက ထိုင်းနိုင်ငံမြောက်ပိုင်းတွင်အခြေစိုက်သည့် တအာင်းအရပ်ဘက်အဖွဲ့များတွင် အချိန်ကြာမြင့်စွာ ပါဝင်လှုပ်ရှားခဲ့သူများဖြစ်သည်။ သို့တိုင် TNLA သည် မိမိအဖွဲ့၏လုပ်နိုင်စွမ်း

---

[94] မြန်မာအစိုးရသည် TNLA အဖွဲ့ကို တရားမဝင်အဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။ ကိုလိုနီခေတ်တွင် ရေးဆွဲခဲ့သည့် မတရားအသင်းအက်ဥပဒေဖြင့် TNLA နှင့် ဆက်သွယ်သူ မည်သူကိုမဆို တရားစွဲဆိုပြီး ထောင်ဒဏ် နှစ်နှစ်မှ သုံးနှစ်အထိ ချမှတ်လေ့ရှိသည်။ ၂၀၁၇ တွင် TNLA မှ ကျင်းပခဲ့သည့် အခမ်းအနားတစ်ခု တက်ရောက်သည်ဟုဆိုကာ သတင်းထောက်သုံးဦးကို ထိုစဉ်အစိုးရက နှစ်လကျော်တိုင်အောင် ဖမ်းဆီးချုပ်နှောင်ခဲ့သည်။ သို့သော် စစ်တပ်သည် မတရားအသင်းဆက်သွယ်မှုစွဲချက်များကို နောက်ပိုင်းတွင် ပြန်လည်ရုတ်သိမ်းခဲ့သည်။ ၂၀၂၃၊ မေမှ ဇွန်အတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။

[95] ၂၀၂၃၊ မေမှ ဇွန်အတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။ ၂၀၂၁၊ စက်တင်ဘာ၊ ၂၇ရက်တွင် တအာင်းကျောင်းသားနှင့်လူငယ်များအဖွဲ့က ထုတ်ပြန်သည့် "Military Council Detains One TSYU Executive Member and Five TEC Workers" (စစ်ကောင်စီက TSYU အမှုဆောင်တစ်ဦးနှင့် TEC ဝန်ထမ်းငါးဦးကို ဖမ်းဆီး) ထုတ်ပြန်ချက်ကို ကိုးကားသည်။

[96] ၂၀၂၃၊ မေမှ ဇွန်အတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။

အကန့်အသတ်ကို နားလည်ထားသည်။ မိမိ၏နိုင်ငံရေးရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ဖို့ဆိုလျှင် တအာင်းအရပ်ဘက်အဖွဲ့များ၏ ကျွမ်းကျင်မှုနှင့် အတတ်ပညာများ မလွဲမသွေလိုအပ်သည်ဟု ဝန်ခံထားသည်။ အထူးသဖြင့် ၎င်းထိန်းချုပ်နယ်မြေအတွင်း အများအကျိုးပြုလုပ်ငန်းများ ဖော်ဆောင်ရာတွင်ဖြစ်သည်။ "အခုတော့ ကျွန်နော်တို့က တစ်ယောက်နဲ့ တစ်ယောက်အားကိုးတယ်"ဟု TNLA တပ်ဖွဲ့ဝင်တစ်ဦးကပြောသည်။[97] ရလဒ်အဖြစ် တအာင်းအရပ်ဘက်အဖွဲ့များသည် တအာင်းလက်နက်ကိုင်တပ်ဖွဲ့ကို အတိုင်းအတာတစ်ခုအထိ သြဇာလွှမ်းမိုးနိုင်သည်။ "သူတို့က ကျနော်တို့ရဲ့ခေါင်းဆောင်တွေကို အကြံဉာဏ်ပေးနိုင်တယ်။ ခေါင်းဆောင်တွေကလည်း တကယ်နားထောင်တယ်။ ... အဲဒီတော့ အရပ်ဘက်အဖွဲ့တွေက (TNLA ကို) အပြန်အလှန် ထိန်းကျောင်းပေးတဲ့ပုံစံမျိုးပေါ့"ဟု TNLA အဖွဲ့နှင့်နီးစပ်သည့် သတင်းရင်းမြစ်တစ်ဦးကပြောသည်။[98]

## (ဃ) ပြောင်းလဲလာသည့် အမျိုးသမီးများ၏ အခန်းကဏ္ဍ

တအာင်းအရပ်ဘက်အဖွဲ့များ သြဇာလွှမ်းမိုး၍ တိုးတက်မှုရှိခဲ့သည့်ကဏ္ဍများအနက် ကျား၊ မ တန်းတူရေးသည် သိသာထင်ရှားသည်။ တအာင်းလူ့အဖွဲ့အစည်းသည် အလွန်ဖိုဝါဒီဆန်သည့် လူ့ဘောင်တစ်ရပ်ဖြစ်သည်။ အမျိုးသမီးများကို သမိုင်းတစ်လျှောက် ထုံးတမ်းအစဉ်အလာအရ ရပ်ရွာအတွင်း ဦးဆောင်မှုအခန်းကဏ္ဍများမှ ဖယ်ထုတ်ထားခဲ့သည်။ လူမှုထုံးတမ်းအစဉ်အလာအရ အမျိုးသမီးများသည် အိမ်တွင်းအောင်းပြီး မိသားစုအတွက် ချက်ပြုတ်ရေးတာဝန်နှင့် ကလေးထိန်းသည့်အလုပ်သာလုပ်ရမည်ဟု လက်ခံထားခဲ့ကြသည်။ အိမ်တွင်းအကြမ်းဖက်မှုသည်လည်း ကျယ်ကျယ်ပြန့်ပြန့်တည်ရှိခဲ့သည်။ လိင်ဖြစ်တည်မှုအပေါ်အခြေပြုပြီး အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုမှာ တအာင်းအသိုင်းအဝိုင်းတွင်သာမက မြန်မာနိုင်ငံတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် တည်ရှိခဲ့သည်။ သို့ရာတွင် ခေတ်အဆက်ဆက်ခံစားခဲ့ရသည့် ပဋိပက္ခဒဏ်ကြောင့် တအာင်းဒေသသည် အခြားအသိုင်းအဝိုင်းများနှင့်ရောနှောမနေဘဲ တစ်သီးတစ်ခြားတည်ရှိနေခဲ့ရာ ဖိုဝါဒီယိမ်းသည့်အတွေးအခေါ်များ အားကောင်းနေခဲ့သည်။ ထိုအရာကိုပြောင်းလဲပစ်ရန်မှာ တအာင်းအမျိုးသမီးအဖွဲ့အစည်း (TWO) ၏ ကြီးလေးသောတာဝန်တစ်ရပ်ဖြစ်လာသည်။

TNLA အင်အားကောင်းလာမှုနှင့် တအာင်းအမျိုးသမီးအဖွဲ့အစည်း (TWO) အပါအဝင် အရပ်ဘက်အဖွဲ့များ၏ သြဇာကြီးထွားလာမှုသည် တအာင်းတပ်ဖွဲ့ထိန်းချုပ်နယ်မြေအတွင်း အမျိုးသမီးအခွင့်အရေးနှင့်ပတ်သက်၍ အလွန်ကြီးမားသောတိုးတက်မှုကို ဖြစ်ပေါ်လာစေတော့သည်။ အခမဲ့ပညာသင်ကြားရေးအစီအစဉ်များကြောင့် တအာင်းဒေသတွင် ကလေးသူငယ်၊ ကျား၊ မ မရွေး ပညာသင်ကြားရန် အခွင့်အလမ်းရရှိလာသည်။ အုပ်ချုပ်ရေးမှူးအများစုမှာ အမျိုးသားများဖြစ်သည့်တိုင် မိမိအသိုင်းအဝိုင်းနှင့်သက်ဆိုင်သည့် လှုပ်ရှားမှုများတွင် အမျိုးသမီးများပါဝင်လာအောင် အားပေးအားမြှောက်ပြုရန်နှင့် အမျိုးသမီးများအပေါ် နှိမ်ချဆက်ဆံသည့်အပြုအမူများ

[97] ၂၀၂၃၊ မေတွင် TNLA တပ်သားတစ်ဦးအား Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။
[98] ၂၀၂၃၊ မေတွင် TNLA ခေါင်းဆောင်ပိုင်းနှင့် ရင်းနှီးသော သတင်းရင်းမြစ်အား Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။

ရှောင်ကြဉ်ရန် TNLA အဖွဲ့မှ ၎င်းတို့ကိုညွှန်ကြားထားသည်။[99] မည်သို့ဆိုစေကာမူ ကျား၊ မ တန်းတူရေးတက်ကြွလှုပ်ရှားသူများကမူ နှစ်ပေါင်းများစွာ အရိုးစွဲလာသည့် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ ကျန်ရှိနေသေးကြောင်း ထောက်ပြကြသည်။ အထူးသဖြင့် အမျိုးသမီးများကို ကျူးလွန်သော လိင်အကြမ်းဖက်မှုများအပေါ် TNLA အဖွဲ့၏ တရားစီရင်ရေးစနစ်မှ တရားစီရင်ပုံကို ဝေဖန်ကြသည်။ အမျိုးသမီးတရားသူကြီးများမရှိသေးသည့်အပြင် နစ်နာသူအမျိုးသမီးများကိုပင် အပြစ်တင်၊ အပြစ်ပေးသည့် ရှေးရိုးစွဲထုံးတမ်းဥပဒေများကို TNLA ၏ တရားရုံးများက ဆက်လက်အသုံးပြုနေသေးသည်။ ထို့ပြင် မုဒိန်းမှုကျူးလွန်သူများကို TNLA တရားရုံးများက ပြစ်ဒဏ်သက်ညှာချမှတ်လေ့ရှိသည့် ရာဇဝင်တစ်ခုလည်း ရှိနေသေးကြောင်းသိရသည်။[100]

TNLA တပ်ဖွဲ့တွင် အမျိုးသမီးများသည် ယခင်ကထက်စာလျှင် အောက်ခြေအဆင့်ဖြစ်လင့် ကစား ပို၍အရေးပါသောရာထူးများတွင် နေရာယူလာကြသည်။ စစ်တပ်နှင့် အပစ်ရပ်ချိန်အတွင်း TNLA မှ နယ်မြေချဲ့ထွင်လာချိန်တွင် အမျိုးသမီးများသည် အရာရှိများအဖြစ် ရာထူးအချို့တွင် တာဝန်ထမ်းဆောင်ကြပြီဖြစ်ကာ ကဏ္ဍအမျိုးမျိုးတွင် အမှုထမ်းလာကြသည်။ TNLA အဖွဲ့ဝင် တစ်ဦးက ၎င်းတို့အဖွဲ့၏ "အမျိုးသမီးရေးရာဌာန"ကို "စက်ချုပ်ဌာန"အဖြစ် ဟာသနှောပြောဆိုခဲ့သည်။ ယင်းသို့ပြောဆိုချက်မှာ ရိုးရာမပျက်အစဉ်အလာအတိုင်း အမျိုးသမီးများဖြစ်သည့်အား လျော်စွာ စက်ချုပ်သည့်အလုပ်နှင့် ပိုမိုသင့်လျော်မည်ဟုဆိုကာ အမျိုးသမီးများကို တပ်ဖွဲ့ဝင်များ၏ စစ်ဝတ်စုံများချုပ်လုပ်ရာတွင်သာ TNLA အဖွဲ့မှ တာဝန်ပေးခဲ့သည်ကား ထင်ရှားနေသည်။ မကြာသေးမီနှစ်များတွင်မူ အမျိုးသမီးရေးရာဌာနသည် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အိမ်တွင်းအကြမ်းဖက်မှုများကို စောင့်ကြည့်လေ့လာပြီး မှတ်တမ်းပြုစုခဲ့သည်။[101] TNLA သည် အမျိုးသမီးတပ်ရင်းတစ်ခုကိုလည်း ဖွဲ့စည်းခဲ့ပြီး ၎င်းတို့ကို စစ်ရေးတာဝန်အချို့ ထမ်းဆောင်စေခဲ့သည်။ သို့သော် ၎င်းတို့ကို ရှေ့တန်းစစ်မြေပြင်သို့ မစေလွှတ်ပေ။ ထို့ပြင် TNLA သည် ၎င်း၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီတွင် အမျိုးသမီးများကိုလည်း ပိုမိုခန့်အပ်လျက်ရှိသည်။[102]

မည်သို့ပင်ဆိုစေ အမျိုးသမီးနှင့် အမျိုးသားများအကြား မညီမျှမှုမှာ TNLA အဖွဲ့အတွင်း နက်နက်ရှိုင်းရှိုင်းအမြစ်တွယ်နေသေးသည်။ အမျိုးသမီးများသည် ဘဏ္ဍာရေး၊ ကျန်းမာရေး၊ အမျိုးသမီးရေးရာနှင့် သတင်းအချက်အလက်ရေးရာဌာနတို့မှလွဲလျှင် ကျန်ကဏ္ဍများတွင် အရေအတွက်အားဖြင့် အနည်းငယ်သာရှိနေသေးသည်။ အထူးသဖြင့် TNLA ၏ အုပ်ချုပ်ရေး ယန္တရားကိုအဓိကမောင်းနှင်သည့် အထွေထွေအုပ်ချုပ်ရေးဌာနတွင် အမျိုးသမီးပါဝင်မှုသည် သိသိသာသာလျော့နည်းနေသည်။[103] "ခေါင်းဆောင်မှုအခန်းကဏ္ဍတွေမှာ အမျိုးသမီးပါဝင်မှုက နည်းနေသေးတယ်။ ပြီးတော့ ကျွန်မတို့က လှေနံဓားထစ်အယူသည်းမှုနဲ့ ဖိုဝါဒကြီးစိုးမှုကို

[99] ၂၀၂၃၊ ဇွန်တွင် နမ့်ဆန်မြို့နယ်ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးအား Crisis Group ၏ မေးမြန်းချက်ကို ကိုးကားသည်။
[100] ၂၀၂၃၊ မေတွင် တအာင်းအမျိုးသမီးအရေး တက်ကြွလှုပ်ရှားသူတစ်ဦးအား Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။
[101] ၂၀၂၃၊ မေမှ ဩဂုတ်အတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။
[102] ၂၀၂၃၊ မေမှ ဩဂုတ်အတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။
[103] ၂၀၂၃၊ မေမှ ဇွန်အတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။

တိုက်ဖျက်ဖို့ ရှန်းကန်နေရတုန်းပါပဲ"ဟု တအာင်းအမျိုးသမီးအခွင့်အရေးလှုပ်ရှားသူတစ်ဦးက ပြောသည်။[104]

## (C) အနာဂတ်စိန်ခေါ်မှုများ

TNLA သည် ၎င်း၏အုပ်ချုပ်မှုယန္တရားကို တိုးချဲ့ဖော်ဆောင်ရာတွင် အတန်အသင့် ခရီးပေါက် ပြီဖြစ်သော်လည်း အဆိုပါယန္တရားဆက်လက်လည်ပတ်အောင် ထိန်းသိမ်းခြင်းနှင့် အုပ်ချုပ်မှု ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများရှိလာသည်။ TNLA ထိန်းချုပ်နယ်မြေ အတွင်းရှိ ဒေသအများအပြားသည် ခေတ်အဆက်ဆက်ဗဟိုအစိုးရများ၏ လျစ်လျူရှုခံရမှု၊ ပဋိပက္ခ၏ဒဏ်နှင့် ပထဝီဝင်နယ်မြေအနေအထား စသည့် နောက်ခံအကြောင်းတရားများကြောင့် မြန်မာပြည်အတွင်းတည်ရှိသည်ဟု သတ်မှတ်ရခက်သည်အထိ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့ သည်။ တရားဝင်အုပ်ချုပ်မှုစနစ်မရှိခဲ့သည့်နေရာကို တိုးတက်အောင်ပြုလုပ်ပြီး နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်ရေးမှာ TNLA အဖို့ ကြီးမားသောစိန်ခေါ်မှုတစ်ခုဖြစ်သည်။ တအာင်းအသိုင်းအဝိုင်း အတွင်းရှိ လက်ရှိ TNLA ၏ အုပ်ချုပ်မှုရေးယန္တရားတွင် တာဝန်ထမ်းဆောင်နိုင်သည့် တအာင်း ပညာတတ်ဦးရေမှာ အနည်းငယ်သာရှိနေသေးသဖြင့် TNLA အဖွဲ့အနေဖြင့် ပညာရေးနှင့် စွမ်းရည် မြှင့်တင်ရေးလုပ်ငန်းများတွင် ကြီးကြီးမားမား ရင်းနှီးမြှုပ်နှံရဦးမည်ဖြစ်သည်။

တအာင်းလူမျိုးများ၏ တစ်ခဲနက်အားပေးထောက်ခံမှုရရှိထားသည့်တိုင် TNLA ၏ အတင်း၊ အဓမ္မလူသစ်စုဆောင်းသည့်မူဝါဒကို မနှစ်သက်သူအများအပြားရှိသည်။[105] တိတိကျကျဆိုရမည် ဆိုလျှင် အာဏာသိမ်းမှုအလွန် တအာင်းဒေသတည်ငြိမ်မှုကြောင့် TNLA တွင် တာဝန်ထမ်း ဆောင်ရန် တအာင်းလူထုအများအပြား စိတ်ဝင်စားလာကြသည်။ အကြောင်းမူကား ၎င်းတို့သည် ရှေ့တန်းပို့ခံရနိုင်ခြေနည်းပြီး အုပ်ချုပ်ရေးယန္တရားပိုင်းတွင် တာဝန်ထမ်းဆောင်ခွင့်ရနိုင်ခြေများ၍ ဖြစ်သည်။ ဤသို့ဆိုသည့်တိုင် TNLA အဖွဲ့တွင် တာဝန်ထမ်းဆောင်ရေးမှာ တအာင်းလူငယ် အများစုအတွက်မူ မက်မောဖွယ်အသက်မွေးဝမ်းကျောင်းတစ်ခုတော့ မဟုတ်ပေ။ ထို့ပြင် ယနေ့အထိ တအာင်းလူငယ်အချို့သည် အတင်းအကျပ် လူသစ်စုဆောင်းခြင်းမခံရစေရန် နေရပ်မှ ထွက်ပြေးတိမ်းရှောင်နေကြရသည်။[106] လူသစ်စုဆောင်းသည့် TNLA တပ်ဖွဲ့ဝင်များသည် ရှာဖွေသူကိုမတွေ့ရှိပါက ၎င်းတို့၏မိသားစုဝင်များကို မကြာခဏဖမ်းဆီးလေ့ရှိသည်။ အတင်း အကျပ်လူသစ်စုဆောင်းမှုမှာ ၎င်းတို့ဒေသတွင် သာမန်လုပ်ရိုးလုပ်စဉ်တစ်ခုလိုပင် ဖြစ်နေပြီဟု

[104] ၂၀၂၃၊ ဇွန်တွင် တအာင်းအမျိုးသမီးအရေး တက်ကြွလှုပ်ရှားသူတစ်ဦးအား Crisis Group ၏ ဆက်သွယ်မေးမြန်း ချက်များမှ ကိုးကားသည်။

[105] လွန်ခဲ့သည့် ဆယ်နှစ်တာကာလအတွင်း အတင်း၊ အဓမ္မလူသစ်စုဆောင်းမှုကြောင့် ကလေးသူငယ်နှင့် လူငယ် သောင်းနှင့်ချီ၍ ကျေးလက်ဒေသများကို စွန့်ခွာပြီး ရန်ကုန်၊ မန္တလေးနှင့် လားရှိုးတို့ကဲ့သို့ မြို့ကြီးများသို့ တိမ်းရှောင် ကြရသည်။ ဥပမာအားဖြင့် Frontier Myanmar သတင်းဌာနမှ ၂၀၁၉၊ ဒီဇင်ဘာစရက်တွင် ဖော်ပြခဲ့သည့် Children find sanctuary from conflict in the Sangha (ပဋိပက္ခဒဏ်ကြောင့် ကလေးသူငယ်များ သံဃာထုထံတွင် ခိုလှုံနေရ) ဆောင်းပါးကို ကြည့်ပါ။

[106] ၂၀၂၃၊ မေမှ ဇွန်အတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။

တအာင်းဒေသတွင်နေထိုင်သူ သတင်းရင်းမြစ်အများအပြားက Crisis Group ကိုပြောသည်။[107] "ကျွန်နော်တို့ရဲ့မူဝါဒမှာတော့ ကလေးစစ်သားစုဆောင်းတာကို တားမြစ်ထားတဲ့အပြင် (လူသစ်မစုဆောင်းခံရအောင် ထွက်ပြေးသူတွေရဲ့) မိသားစုဝင်တွေကိုဖမ်းဆီးမှုကို တားမြစ်ထားတယ်။ ဒါပေမဲ့ ကျနော်တို့ရဲ့ လူသစ်စုဆောင်းရေးတာဝန်ယူထားတဲ့ တပ်ဖွဲ့ဝင်တွေက ဒါတွေလုပ်နေတုန်းပဲ"ဟု TNLA အဖွဲ့ဝင်တစ်ဦးက ပြောသည်။ "တကယ်လို့ပေါ်သွားရင်တော့ အပြစ်ပေး၊ အရေးယူခံရတာမျိုးတော့ ရှိပါတယ်။ ဒါပေမဲ့ ဖြစ်စဉ်အများစုက လူသိရှင်ကြားမဖြစ်အောင် (ကျူးလွန်သူတွေက) ဖုံးကွယ်ထားတာမျိုးရှိပါတယ်"ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။[108]

အဖွဲ့အစည်း၏ဘဏ္ဍာရေးနှင့်ပတ်သက်လျှင် TNLA ၏ အုပ်ချုပ်ရေးယန္တရားအရွယ်အစားကြီးမားလာသောအခါ ဘဏ္ဍာငွေလုံလောက်စွာရှာဖွေရေးမှာ စိန်ခေါ်မှုဖြစ်လာသည်။ ဒေသခံများကိုအခွန်ကောက်သည့်တိုင် တအာင်းမြေသည် ယေဘုယျအားဖြင့် ရှမ်းပြည်နယ်၏ အခြားဒေသများထက်စာလျှင် ဆင်းရဲမွဲတေမှုနှုန်းမြင့်မားသည်။ ထို့ကြောင့် အခွန်ကောက်ခံခြင်းမှရရှိသည့် ဘဏ္ဍာဝင်ငွေသည် အနည်းငယ်သာရှိနိုင်သည်။ အဆိုပါဒေသတွင် အဓိကအားဖြင့် လက်ဖက်နှင့် အခြားကောက်ပဲသီးနှံများ စိုက်ပျိုးကြသော်လည်း လွန်ခဲ့သည့်နှစ်များတွင် လက်ဖက်သည် ထင်သလောက်ဈေးကောင်းမရသည့်အပြင် အလုပ်သမားရှားပါးသည့်ဒဏ်ကိုလည်း တောင်သူများခံခဲ့ရသည်။[109] သို့ဖြစ်ရာ TNLA သည် တအာင်းလူမျိုးများထံမှ ဘဏ္ဍာရန်ပုံငွေအနည်းငယ်သာကောက်ခံရရှိနိုင်ပေမည်။ ထို့ကြောင့် TNLA သည် ဒေသတွင်းစီးပွားရေးလုပ်ငန်းများနှင့် မန္တလေး-မူဆယ်အဝေးပြေးလမ်းမကြီးတွင် ကူးလူးသွားလာနေသည့် ကုန်တင်ယာဉ်များအား အခွန်ကောက်ခံခြင်းဖြင့် ဘဏ္ဍာရန်ပုံငွေဖြည့်တင်းရတော့သည်။ များသောအားဖြင့် အခွန်ဆောင်ရန်ဖိအားပေးခံရသည့်လုပ်ငန်းများသည် တအာင်းလူမျိုးပိုင်လုပ်ငန်းများမဟုတ်သဖြင့် အခြားတိုင်းရင်းသားမျိုးနွယ်စုများက တအာင်းလက်နက်ကိုင်တပ်ဖွဲ့အပေါ် မကျေနပ်မှုတစ်စုံတစ်ရာရှိနေမည်မှာ အသေအချာပင်ဖြစ်သည်။[110]

TNLA ထိန်းချုပ်နယ်မြေရှိ အခြားမျိုးနွယ်စုဝင်များနှင့် မိတ်ဖက်မပျက် ဆက်ဆံရေးတစ်ရပ်ဆက်လက်ထိန်းသိမ်းထားရေးနှင့် ၎င်းတို့၏မကျေနပ်ချက်များကို ဖြေရှင်းရေးမှာ တအာင်းတပ်ဖွဲ့အတွက် ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ တကယ်တမ်းတွင်မူ တအာင်းလူမျိုးများသည် သမိုင်းတစ်လျှောက် အခြားလူမျိုးစုကြီးများ၏ ဘေးဖယ်ထုတ်ခံရသော တိုင်းရင်းသားမျိုးနွယ်စုများအနက် တစ်စုဖြစ်သည်။ ၎င်းတို့ကို မြန်မာပြည်အတွင်းရှိ လူများစုဗမာများသာမက ရှမ်းကဲ့သို့သော ရှမ်းပြည်နယ်အတွင်းရှိ လူများစုတိုင်းရင်းသားများကလည်း ဖက်လဲတကင်းမလုပ်ဘဲ သီးခြားဖယ်ထုတ်ခဲ့ကြသည်။ TNLA အဖွဲ့ အင်အားကြီးထွားလာမှုသည် ရှမ်းပြည်နယ်မြောက်ပိုင်း

[107] ၂၀၂၃၊ မေမှ ဇွန်အတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။
[108] ၂၀၂၃၊ မေတွင် TNLA တပ်သားတစ်ဦးအား Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။
[109] ၂၀၂၃၊ ဇွန်၊ ၁၃ရက်တွင် Frontier Myanmar သတင်းဌာနမှ ဖော်ပြသည့် Bitter harvest: Shan State tea growers grapple with labour shortage (ရှမ်းပြည်နယ်က လက်ဘက်စိုက်တောင်သူများ လုပ်သားရှားပါးမှုကြောင့် အခက်ကြုံနေရ) ဆောင်းပါးကို ကိုးကားသည်။
[110] ၂၀၂၃၊ မေမှ ဇွန်အတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။

ရှိ တအာင်းမဟုတ်သော အခြားတိုင်းရင်းသားမျိုးနွယ်စုများအတွက် စိတ်မချမ်းမြေ့စရာဖြစ်လာသည်။

သို့သော် TNLA သည် ယင်းသို့အန္တရာယ်ရှိသည့်အခြေအနေများကို အမြဲတစေ ထိန်းသိမ်းလုပ်ဆောင်ခြင်းမျိုးမရှိပေ။ ယခင်ကထက် ထိန်းချုပ်နယ်မြေနှင့်တပ်ဖွဲ့အင်အား ကြီးထွားလာချိန်တွင် TNLA နှင့် ၎င်းကိုထောက်ခံအားပေးသူများသည် တစ်ခါတစ်ရံ အခြားတိုင်းရင်းသားလူနည်းစုများကို ရန်စ၊ စော်ကားသည့်အပြုအမူမျိုး ပြုလုပ်လေ့ရှိသည်။ ဤအစီရင်ခံစာအတွက် အင်တာဗျူးသူများမှ သာဓကမျိုးစုံဖြင့် ထောက်ပြကြသည်။ ဥပမာအားဖြင့် ခရစ်ယာန်ဘာသာဝင်ကချင်လူမျိုးအများစုနေထိုင်ရာ ရှမ်းမြောက်ဒေသများတွင် ဘုရားစေတီတည်ခြင်း၊ အခြားတိုင်းရင်းသားများနှင့် ရောနှောနေထိုင်ရာကျေးရွာများတွင် တအာင်းဘာသာဖြင့် ရေးသားထားသောဆိုင်းဘုတ်များတပ်ဆင်ခြင်း၊ တအာင်းအလံများလွှင့်ထူခြင်းနှင့် မြေနိမ့်ဒေသများတွင် တအာင်းမိသားစုများကို ရွှေ့ပြောင်းနေထိုင်စေခြင်း စသည်တို့ပါဝင်သည်။ လွန်ခဲ့သောနှစ်များအတွင်း လူမှုကွန်ရက်စာမျက်နှာများတွင် တအာင်းလူမျိုးများအကြား အနာဂတ် "တအာင်းပြည်နယ်"ဟု ဖော်ပြထားသည့် မြေပုံတစ်ခုပျံ့နှံ့ခဲ့ဖူးသည်။ အဆိုပါမြေပုံအရ တအာင်းပြည်နယ်တွင် မြို့နယ် ၁၂ ခုပါဝင်ပြီး တအာင်းများလူနည်းစုဖြစ်သော မြို့နယ်များပင်ပါဝင်ခဲ့သည် (မြေပုံကို နောက်ဆက်တွဲ-က တွင်ကြည့်ပါ)။ အဆိုပါမြေပုံနှင့်ပတ်သက်၍ TNLA အဖွဲ့၏ တရားဝင်သဘောထားကို မသိရှိရသော်လည်း ၎င်းတို့၏တအာင်းပြည်နယ်ရုပ်မြင်သံကြား Ta'ang State TV ၏ အွန်လိုင်းစာမျက်နှာတွင်မူ အဆိုပါမြေပုံကိုအသုံးပြုခဲ့ဖူးရာ တအာင်းတပ်အနေနှင့် ယင်းမြေပုံကို အတိုင်းအတာတစ်ခုအထိထောက်ခံကြောင်း ဖော်ပြနေသည်။ ယင်းလုပ်ရပ်များက ရှမ်းပြည်နယ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအကြားဖြစ်စေ၊ တိုင်းရင်းသားလူမျိုးများအကြားဖြစ်စေ ပဋိပက္ခဖြစ်စေနိုင်သဖြင့် အန္တရာယ်ရှိသည့်လုပ်ရပ်များဖြစ်သည်။[111]

# (၅) ပဋိပက္ခဖြစ်နိုင်ခြေအန္တရာယ်နှင့် လုပ်ဆောင်သင့်သည့်အကြံပြုချက်များ

၂၀၂၁ စစ်အာဏာသိမ်းချိန်မှစ၍ TNLA ကဲ့သို့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များသည် ထိန်းချုပ်နယ်မြေပိုမိုချဲ့ထွင်လာနိုင်ပြီး အုပ်ချုပ်မှုယန္တရားတည်ဆောက်လာကြသည်။ ယင်းမှာ TNLA တစ်ဖွဲ့တည်းမဟုတ်ပေ။ မြန်မာနိုင်ငံအနောက်ပိုင်းတွင် ရက္ခိုင့်တပ်တော်သည်လည်း အလားတူပင် ကိုယ်ပိုင်အုပ်ချုပ်ရေးယန္တရားတစ်ရပ် တည်ထောင်နေသည်။ မြန်မာပြည်အလယ်ပိုင်းဒေသတွင်မူ NUG လက်အောက်ခံအဖွဲ့အစည်းများမှလည်း နယ်မြေအုပ်ချုပ်ရေးယန္တရားများနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ရန်ကြိုးပမ်းနေသည်။ စစ်တပ်သည် နိုင်ငံတစ်ဝန်း စစ်မျက်နှာပြင်အမြောက်အမြားဖွင့်လှစ်ထားရာ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အင်အားတောင့်တင်းနေပြီဖြစ်သည့် TNLA အဖွဲ့ကိုဖယ်ရှား၍ နယ်မြေများကို ပြန်လည်

[111] ၂၀၂၃၊ မေမှ ဩဂုတ်အတွင်း ပြုလုပ်ခဲ့သော Crisis Group ၏ ဆက်သွယ်မေးမြန်းချက်များမှ ကိုးကားသည်။

ထိန်းချုပ်နိုင်ရန် ဖြစ်နိုင်ခြေအနည်းငယ်သာရှိသည်။ အဆိုပါနယ်မြေများ အစိုးရထိန်းချုပ်မှုအောက်သို့ ပြန်ရောက်ဖို့ဆိုလျှင် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ဦးမည်ဖြစ်ပြီး ဖြစ်နိုင်ခြေမရှိသလောက်ဖြစ်သည်။

စစ်တပ်နှင့် TNLA အနေဖြင့် နှစ်ဦးနှစ်ဖက်လုံးမှ ပစ်ခတ်တိုက်ခိုက်မှုရှောင်ရှားလိုသည့် ဆန္ဒရှိသည့်တိုင် တိုက်ပွဲများပြန်ဖြစ်လာနိုင်သည်။ နှစ်ဘက်တပ်ဖွဲ့များ မြေပြင်တွင် နီးကပ်စွာတည်ရှိနေသဖြင့် TNLA အဖွဲ့မှသာ ထိန်းချုပ်နယ်မြေဆက်လက်ချဲ့ထွင်လျှင် စစ်တပ်မှ ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှုမြင်နိုင်သည်။ မတော်တဆပစ်ခတ်မှုများကတစ်ဆင့် တိုက်ပွဲများပြန်လည်ဖြစ်ပွားလာမည့်အခြေအနေကို ရှောင်ရှားဖို့ဆိုလျှင် နှစ်ဖက်အဖွဲ့အစည်းအနေဖြင့် ၎င်းတို့၏နယ်မြေခံတပ်မှူးများအကြား တည်ရှိနေသော အလွတ်သဘောဆက်သွယ်ညှိနှိုင်းရေးလမ်းကြောင်းကို ဆက်လက်ဖွင့်လှစ်ထားရန် လိုအပ်သည်။ စစ်တပ်နှင့် ထိပ်တိုက်တွေ့တိုက်ခိုက်မှုများကို ဦးတည်စေနိုင်သဖြင့် TNLA အဖွဲ့မှလည်း ၎င်း၏နယ်မြေချဲ့ထွင်မှုကို ရပ်တန့်သင့်သည့်အပြင် မြို့ပြအရပ်ဒေသများတွင် နေထိုင်သူများကို ဖိအားပေးအကျပ်ကိုင်သည့်လုပ်ရပ်များ ရှောင်ကြဉ်သင့်သည်။ TNLA အနေဖြင့် ၎င်းထိန်းချုပ်နယ်မြေတွင်နေထိုင်သည့် ပြည်သူလူထုကို အလုပ်အကျွေးပြုပြီး အုပ်ချုပ်ရေးယန္တရားကို ပိုမိုကောင်းမွန်အောင်သာ ဆောင်ရွက်သင့်သည်။

ထိန်းချုပ်နယ်မြေချဲ့ထွင်မှုကို ရပ်တန့်ခြင်းဖြင့် TNLA အဖွဲ့သည် အခြားသောတိုင်းရင်းသားလက်နက်ကိုင်တပ်များ၊ တိုင်းရင်းသားမျိုးနွယ်စုများနှင့် ၎င်းတို့အကြားရှိ လက်နက်ကိုင်ပဋိပက္ခ၊ လူမျိုးရေးပဋိပက္ခအန္တရာယ်များကို လျှော့ချနိုင်သည်။ TNLA အင်အားကြီးထွားလာမှုကို ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တအာင်းမဟုတ်သော အခြားမျိုးနွယ်စုများက စိုးရိမ်စိတ်ဖြင့် စောင့်ကြည့်နေကြသည်။ အခွန်ကောက်ခံခြင်း၊ လူသစ်စုဆောင်းခြင်းတို့မှတစ်ဆင့် TNLA အဖွဲ့သည် ဒေသအတွင်း ပိုမိုအင်အားတောင့်တင်းသည့် တပ်ဖွဲ့ဖြစ်လာနိုင်ပြီး လက်နက်ကိုင်တပ်အင်အားသာမက အုပ်ချုပ်ရေးယန္တရားကို ပိုမိုချဲ့ထွင်လာနိုင်သည့် အနေအထားတွင်ရှိနေသည်။ သို့ဖြစ်ရာ တအာင်းတပ်ဖွဲ့သည် နယ်မြေချဲ့ထွင်ရင်း မဟာမိတ်ပြုထားသည့်တပ်ဖွဲ့များ၏ ထိန်းချုပ်နယ်မြေများသို့ပင် ကျူံဝင်သွားနိုင်သည်။ လက်ရှိကျင့်သုံးနေသည့်မူဝါဒအတိုင်း ဆက်၍ အကြီးအကျယ်နယ်မြေချဲ့ထွင်ကာ ရှမ်းမြောက်ရှိ တအာင်းများနေထိုင်ရာ အရပ်ဒေသအားလုံးကို မိမိထိန်းချုပ်နယ်မြေအတွင်းသို့ သွတ်သွင်းရန်ကြိုးပမ်းပါက အခြားမျိုးနွယ်စုများကိုယ်စားပြု တိုင်းရင်းသားတပ်ဖွဲ့များနှင့်ပါ ထိပ်တိုက်တွေ့ နိုင်သည်။

ထို့ပြင် TNLA အနေဖြင့် လူမျိုးရေးပဋိပက္ခဖြစ်စေနိုင်သည့် အခြားမျိုးနွယ်စုများအား ရန်စသောအပြုအမူမျိုးကို ရှောင်ကြဉ်သင့်ပါသည်။ အထူးသဖြင့် အခြားတိုင်းရင်းသားများနှင့် ရောနှောနေထိုင်ရာဒေသများတွင် တအာင်းဘာသာစကားဖြင့် အမှတ်အသားများစိုက်ထူခြင်းနှင့် ဘုရားစေတီများတည်ဆောက်ခြင်းတို့ ဖြစ်သည်။ ၎င်းတို့သည် TNLA အဖွဲ့၏ ထိန်းချုပ်မှုနယ်နိမိတ်ကို အလွတ်သဘောသတ်မှတ်ချက်ဖြစ်ရာ တအာင်းမဟုတ်သော ဒေသခံတိုင်းရင်းသားများကို ဒေါသထွက်စေသည်။ မိမိ၏နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် တအာင်းပြည်နယ်တည်ထောင်၍ အရပ်ဘက်မဟာမိတ်များနှင့်ပူးတွဲကာ ကိုယ်ပိုင်အုပ်ချုပ်မှုထူထောင်ရန် TNLA မှ ကြိုးပမ်းနေရာ ရှမ်းမြောက်ဒေသရှိ အခြားမျိုးနွယ်စုများနှင့် အတူလက်တွဲရုံမက ၎င်းတို့၏

ထောက်ခံမှုပါ လိုအပ်မည်ဖြစ်သည်။ အခြားမျိုးနွယ်စုများ၏ ထောက်ခံမှုရယူဖို့ဆိုလျှင် ၎င်းတို့ကို တအာင်းများနှင့်တန်းတူဆက်ဆံပြီး တန်းတူသော အခွင့်အရေး၊ ပြည်သူ့ဝန်ဆောင်မှုများလည်း ပေးအပ်ရမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းစဉ်တွင် တအာင်းအရပ်ဘက်အဖွဲ့အစည်းများသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာတွင် ထဲထဲဝင်ဝင်ပါဝင်ရုံမက အခြားတိုင်းရင်းသားအရပ်ဘက်အဖွဲ့များနှင့်ပါ ကူးလူးဆက်ဆံကြသည်ဖြစ်ရာ လူ့အသိုင်းအဝိုင်းများအကြား နားလည်မှုလွဲဖွယ်ကိစ္စရပ်များ ပေါ်ပေါက်လာပါက ၎င်းတို့က ကြားဝင်ဖြေရှင်းပေးနိုင်သည်။ ထို့ကြောင့် TNLA သည် လူ့အသိုင်းအဝိုင်းများအကြား ပေါင်းကူးတံတားသဖွယ်ဖြစ်သော အရပ်ဘက်အဖွဲ့အစည်းများ၏ အကူအညီကို ရယူသင့်ပါသည်။

တအာင်းမျိုးနွယ်စုများနှင့် TNLA အဖွဲ့တို့ ဒူးတိုက်ဖြေရှင်းရမည့်စိန်ခေါ်မှုများမှာ တစ်မျိုးတစ်ဖုံဖြစ်သည်။ အခြားမျိုးနွယ်စုများက TNLA အဖွဲ့၏ အင်အားနှင့် သြဇာတောင့်တင်းလာမှုကို စိုးရိမ်စိတ်မကင်း စောင့်ကြည့်နေကြသော်လည်း တအာင်းလူမျိုးအများစုကမူ တအာင်းတပ်အင်အားကြီးမားလာသည်ကို နှစ်သက်သည်။ ဆယ်စုနှစ်တစ်ခုစာ သွေးထွက်သံယို၊ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဒုက္ခအများအပြားခံစားရပြီးနောက်ပိုင်း အာဏာသိမ်းမှုအလွန်တွင် TNLA နှင့် စစ်တပ်တို့ကြား အပစ်ရပ်ထားမှုကြောင့် တအာင်းလူထုသည် ၎င်းတို့၏နယ်မြေတွင် တည်ငြိမ်အေးချမ်းမှုကို အတိုင်းအတာတစ်ခုထိ စံစားကြရပြီဖြစ်သည်။ လက်ရှိတွင် ၎င်းတို့သည် ယခင်ကမရရှိခဲ့ဖူးသော ပညာသင်ကြားရေးကဲ့သို့ ပြည်သူ့အကျိုးပြုအစီအစဉ်များကို ရရှိခံစားရပြီဖြစ်သည်။ ဤအစီရင်ခံစာအတွက် အင်တာဗျူးသူများ အထူးသဖြင့် အမျိုးသမီးများက ပညာသင်ကြားရေးအစီအစဉ်များသည် အလွန်အရေးပါသည်ဟု ရှုမြင်ကြသည်။

TNLA ၏ နိုင်ငံရေးရည်မှန်းချက်ဖြစ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတအာင်းပြည်နယ်ရရှိရေးကို တအာင်းလူမျိုးများက ထောက်ခံကြသော်လည်း TNLA အနေဖြင့် ၎င်းကို ထောက်ခံသူပိုမိုများပြားလာစေရန်နှင့် အုပ်ချုပ်ရေးယန္တရား ပိုမိုအားကောင်းလာစေရန် လုပ်ဆောင်သင့်သည့် အချက်အချို့ရှိနေသည်။ ဥပမာအားဖြင့် တအာင်းတပ်ဖွဲ့၏ လူသစ်စုဆောင်းရေးမူဝါဒကို လူအများက မနှစ်သက်ပေ။ ၎င်းကို ထောက်ခံကြသူများအား သက်ညှာသည့်အနေဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားသည့်အနေဖြင့်လည်းကောင်း TNLA အနေဖြင့် အနိမ့်ဆုံးလိုက်လျောမှုအဖြစ် ကလေးစစ်သားစုဆောင်းခြင်းကို တင်းကျပ်စွာတားမြစ်သင့်သည်။ တပ်ဖွဲ့ဝင်များ၏ခံစားခွင့်များကို မြှင့်တင်ခြင်း (ဥပမာ–လစာပေးခြင်း)ဖြင့် တအာင်းတပ်သို့ လူအများတာဝန်ထမ်းဆောင်ချင်လာအောင် စွဲဆောင်သင့်ပြီး စစ်မှုမထမ်းမနေရပုံစံမျိုးဖြင့် အတင်းအကျပ်လူသစ်စုဆောင်းမှုကို တဖြည်းဖြည်း ပြုပြင်ပြောင်းလဲသင့်ပါသည်။ အဖွဲ့အစည်း၏ ခေါင်းဆောင်မှုအခန်းကဏ္ဍများ၊ အထူးသဖြင့် လုပ်ငန်းတာဝန်များပြားလှသော အုပ်ချုပ်ရေးယန္တရားတွင် အမျိုးသမီးများကို နေရာပိုပေးသင့်သည်။ ယင်းသို့ပြုလုပ်ခြင်းဖြင့် အမျိုးသမီးများသည် အစဉ်တစ်စိုက် ရှေးရိုးစွဲအမြင်ရှိသူများသာ လွှမ်းမိုးသည့် အခန်းကဏ္ဍများတွင် ပါဝင်ခွင့်ရရှိလာမည်ဖြစ်ပြီး နေ့စဉ်နှင့်အမျှ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံသည့် အပြုအမူများကိုလည်း တိုက်ဖျက်ရာရောက်သည်။

နိုင်ငံတကာအလှူရှင်များနှင့် အကူအညီပေးရေးအဖွဲ့အစည်းများအနေဖြင့်လည်း ရှမ်းပြည်နယ် မြောက်ပိုင်းအရေးကိစ္စရပ်များတွင် ပါဝင်ကူညီသင့်ပါသည်။ အာဏာသိမ်းမှုအလွန် မြန်မာပြည် တွင် တအာင်းတပ်၏ ထိန်းချုပ်နယ်မြေကဲ့သို့ ဒေသများတွင် တိုင်းရင်းသားတပ်ဖွဲ့များနှင့် အရပ်ဘက်အဖွဲ့များသည် အစိုးရအစား လူထုအတွက် အများအကျိုးပြုလုပ်ငန်းများ ဖော်ဆောင် နေသည့်အဖွဲ့အစည်းများဖြစ်ကြောင်းကို ဦးစွာအသိအမှတ်ပြုသင့်သည်။ အလှူရှင်များအနေဖြင့်

၎င်းတို့၏လုပ်ဆောင်ချက်များကို မြေပြင်ရှိ ပကတိအရှိတရားနှင့် လိုက်လျောညီထွေမှုရှိအောင် ထိန်းညှိပေးသင့်သည်။ ထို့ပြင် အဆိုပါအရပ်ဒေသများတွင် စတင်နေပြီဖြစ်သည့် အရပ်ဘက်အဖွဲ့ များမောင်းနှင်သောအရွေ့တစ်ခုကို အရှိန်ရလာစေရန် အကူအညီများ တိုးမြှင့်ထောက်ပံ့သင့်ပါ သည်။ ထောက်ပံ့လှူဒါန်းငွေများ ပိုမိုတိုးမြှင့်ပေးခြင်းဖြင့် ဒေသခံလူထုရရှိနေသော အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်လာရုံမက အရပ်ဘက်အဖွဲ့များ၏ TNLA အပေါ် လွှမ်းမိုးမှုကိုလည်း ပိုမိုအားကောင်းလာစေနိုင်သည်။ ယင်းမှတစ်ဆင့် အရပ်သားများသည် တအာင်းတပ်ဖွဲ့၏ အုပ်ချုပ်မှုအခန်းကဏ္ဍတွင် ပိုမိုပါဝင်လာနိုင်မည်ဖြစ်သည်။ လူမျိုးရေးတင်းမာ မှုများလျှော့ချနိုင်ရန် အလှူရှင်များအနေဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အခြားတိုင်းရင်းသား အသိုင်းအဝိုင်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ပေးနေသော အရပ်ဘက်အဖွဲ့များ ကိုလည်း ဆက်လက်ကူညီထောက်ပံ့သင့်ပါသည်။

နိုင်ငံတကာအလှူရှင်များအနေဖြင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလ သမဂ္ဂတို့ထက်စာလျှင် ပြည်တွင်းအခြေစိုက်အရပ်ဘက်အဖွဲ့များနှင့် အခါအခွင့်သင့်တိုင်း တိုက်ရိုက် ထိတွေ့ဆက်ဆံသင့်ပါသည်။ ယင်းသို့ပြုလုပ်ခြင်းမှာ ၂၀၁၆ ခုနှစ်တွင် နိုင်ငံတကာ အလှူရှင်များ ကိုယ်တိုင် လက်မှတ်ရေးထိုးခဲ့ကြသော 2016 Grand Bargain သဘောတူညီချက်ပါ ကတိ ကဝတ်များကို လိုက်နာ၊ အကောင်အထည်ဖော်ရာလည်း ရောက်ပေသည်။[112] ယင်းသို့ဆောင် ရွက်ရန်ဆိုလျှင် အလှူရှင်အဖွဲ့အစည်းအချို့အနေဖြင့် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဖြေလျှော့ပေးသင့်ပါသည်။ ဥပမာအားဖြင့် မြန်မာပြည်အတွင်းရှိ တိုင်းရင်းသားအရပ်ဘက်အဖွဲ့အများစုသည် စစ်အာဏာသိမ်းမှုအလွန်တွင် တရားဝင်အဖွဲ့အစည်း များအဖြစ် မှတ်ပုံတင်ကာ ရပ်တည်ရန်အခက်အခဲရှိကြသည်။ ထို့ပြင် စစ်တပ်၏ ကန့်သတ်ချက် များနှင့် လုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုများကြောင့် ၎င်းအရပ်ဘက်အဖွဲ့များသည် တရားဝင်ဘဏ် လုပ်ငန်းစနစ်ကိုလည်း အသုံးမပြုနိုင်ဘဲဖြစ်ကြရသည်။ ထို့မျှမကသေးဘဲ တိုင်းရင်းသားအရပ် ဖက်အဖွဲ့များသည် မကြာခဏဆိုသလို နိုင်ငံတကာအလှူရှင်များတောင်းဆိုသည့် များပြားပြီး အသေးစိတ်ကျလှသည့် လုပ်ငန်းအစီရင်ခံစာတင်ပြမှုများကို ခက်ခက်ခဲခဲလုပ်ဆောင်ရလေ့

[112] Grand Bargain ဆိုသည်မှာ ကမ္ဘာ့အကြီးဆုံးအလှူရှင်များနှင့် အကူအညီပေးရေးအဖွဲ့အစည်းများအကြား လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို တတ်နိုင်သမျှ ထိထိရောက်ရောက်ကူညီပါမည်ဟု ၂၀၁၆ တွင် လက်မှတ် ရေးထိုးထားသော သဘောတူညီမှုတစ်ရပ်ဖြစ်သည်။ လက်ရှိတွင် မပြည့်မီသေးသော်လည်း အဆိုပါသဘောတူညီချက်အရ အကူအညီအားလုံး၏ ၂၅ ရာခိုင်နှုန်းကို သက်ဆိုင်ရာဒေသန္တရအကူအညီပေးရေးအဖွဲ့အစည်းများသို့ တတ်နိုင်သမျှ တိုက်ရိုက်ဆက်သွယ်ပြီး လှူဒါန်းရေးဖြစ်သည်။ The Grand Bargain၊ Inter-Agency Standing Committee (၏ တရားဝင်အင်တာနက်စာမျက်နှာကို ကြည့်ရန်)။

ရှိသည်။ လုပ်ငန်းလိုအပ်ချက်အရ အသုံးစရိတ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို သိမ်းဆည်းစေခြင်း၊ သို့တည်းမဟုတ် လုပ်ငန်းသုံးကုန်ပစ္စည်းများ၏ ဈေးနှုန်းစာရင်းအများအပြားကို သိမ်းဆည်းထားစေခြင်းက ၎င်းတို့အတွက် အန္တရာယ်ရှိနိုင်သည်။ သို့ဖြစ်ရာ အသုံးစရိတ်များစိစစ်ရန် အခြားသောငွေစာရင်းစစ်ဆေးခြင်းနည်းလမ်းများ လိုအပ်လိမ့်မည်ဖြစ်သည်။ Crisis Group မှ ယခင်ကတည်းက ထောက်ပြပြောဆိုခဲ့သည့်အတိုင်း မြန်မာနိုင်ငံအတွင်း ဒေသအများအပြားတွင် လူသားချင်းစာနာမှုဆိုင်ရာအကူအညီပေးရေးနယ်ပယ် ပို၍ကျဉ်းမြောင်းလာသဖြင့် အရေးတကြီးလိုအပ်နေသောဒေသများသို့ အထောက်အပံ့များ အလျင်အမြန်ရောက်ရှိနိုင်ဖို့ဆိုလျှင် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ တင်းကျပ်သောစည်းမျဉ်းများကို ဖြေလျှော့ရန်လိုအပ်မည်ဖြစ်သည်။[113]

## (၆) နိဂုံးချုပ်

TNLA သည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အနည်းဆုံး မြို့နယ်ရှစ်မြို့နယ်၏ အစိတ်အပိုင်းများပါဝင်သော နယ်မြေကြီးတစ်ခုကို လွန်ခဲ့သည့် ၁၀ နှစ်တာကာလတစ်ခုအတွင်း ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်သည်။ ၂၀၂၁၊ ဖေဖော်ဝါရီအာဏာသိမ်းမှုအလွန် အပစ်ရပ်ကာလကို အခွင့်ကောင်းယူ၍ TNLA အဖွဲ့သည် တအာင်းအရပ်ဘက်အဖွဲ့များကို ၎င်းထိန်းချုပ်နယ်မြေအတွင်းရှိ တအာင်းလူထုအတွက် အများပြည်သူဝန်ဆောင်လုပ်ငန်းမှုများ အရှိန်မြှင့်၍ ဆောင်ရွက်စေခဲ့ရာ လူထုထောက်ခံမှုရရှိခဲ့သည်။ အာဏာသိမ်းစစ်တပ် အင်အားချိနဲ့နေသည့်အပြင် တရုတ်နိုင်ငံမှလည်း ၎င်း၏နယ်စပ်ဒေသတည်ငြိမ်ရေးကို ဦးစားပေးလုပ်ငန်းစဉ်တစ်ခုအဖြစ် သတ်မှတ်ထားရာ လက်ရှိ TNLA မှ အခိုင်အမာထိန်းချုပ်ထားသော ရှမ်းမြောက်တောင်တန်းဒေသများသည် လာမည့်အနာဂတ်အချိန်တစ်ခုကြာသည့်တိုင်အောင် တအာင်းတပ်၏လက်အောက်တွင် ဆက်လက်တည်ရှိနေမည်ဖြစ်သည်။ တစ်ဆက်တည်းတွင် နယ်မြေဆက်လက်ချဲ့ထွင်ခြင်းနှင့် အာဏာသိမ်းမှုဆန့်ကျင်ရေးလက်နက်ကိုင်အင်အားစုများနှင့် ဆက်လက်ပူးပေါင်းနေခြင်းက စစ်တပ်နှင့် တအာင်းတပ်တို့ကို ထိပ်တိုက်ထိတွေ့တိုက်ခိုက်ရေးလမ်းကြောင်းပေါ်သို့ တွန်းပို့နိုင်သည်။ အချို့နေရာများတွင် တအာင်းတပ်၏ နယ်မြေချဲ့ထွင်မှုက အခြားတိုင်းရင်းသားမျိုးနွယ်စုများနှင့်သာမက ၎င်းတို့နှင့် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့်ပါ တင်းမာမှုဖြစ်စေနိုင်ပြီး အရပ်သားများ ထိခိုက်၊ သေကြေသည့်စစ်ပွဲများ ဖြစ်ပေါ်စေနိုင်သည်။

TNLA အဖွဲ့ လက်နက်၊ လူသူ၊ ထိန်းချုပ်နယ်မြေ အင်အားတောင့်တင်းလာခြင်းသည် အာဏာသိမ်းမှုအလွန် မြန်မာပြည်အတွင်းရှိ နယ်မြေများ အစိတ်စိတ်၊ အမွှာမွှာ ကွဲပြားသွားမှုဖြစ်စဉ်၏ လက္ခဏာများအနက် တစ်ခုပင်ဖြစ်သည်။ လက်နက်ကိုင်အဖွဲ့အစည်းများသည် တိုင်းပြည်နယ်မြေအစိတ်အပိုင်းများကို ၎င်းတို့၏ထိန်းချုပ်နယ်မြေများအဖြစ် သတ်မှတ်လာကြသည်။ တစ်ဖက်တွင် စစ်တပ်နှင့် ပစ်ခတ်တိုက်ခိုက်မှုများ ရှောင်ရှားနေသော်လည်း တစ်ဖက်တွင်မူ စစ်တပ်ဆန့်ကျင်ရေးလက်နက်ကိုင်အင်အားစုများကို တိတ်တဆိတ်ထောက်ပံ့နေသည့် TNLA အဖွဲ့၏ ချဉ်းကပ်ပုံမှာ

[113] ဖော်ပြခဲ့ပြီးဖြစ်သည့် Crisis Group ၏ "လူထုအလူ" အစီရင်ခံစာကို ကိုးကားသည်။


လက်ရှိတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အများအပြားရင်ဆိုင်နေရသော နက်နဲရှုပ်ထွေးလှသည့် ပြည်တွင်းရေးကို ထင်ဟပ်ပြနေသည်။ အဖွဲ့အစည်း၏ ရေရှည်နိုင်ငံရေးရည်မှန်းချက်နှင့် ထောက်ခံသူများထံမှလာသည့် နိုင်ငံရေးဖိအားတို့အကြား မျှခြေရှာဖွေရခြင်းမှာ TNLA အဖို့ ခက်ခဲကြမ်းတမ်းသောခယောင်းလမ်းကို ပါးပါးနပ်နပ် လျှောက်လှမ်းရခြင်းပင်ဖြစ်သည်။ အခြေအနေကို ပိုမိုရှုပ်ထွေးစေသည့်အချက်က ဘေဂျင်းအစိုးရသည် ၎င်းနှင့် မြန်မာအကြားရှိ နယ်စပ်ဒေသတစ်လျှောက်ကို တည်ငြိမ်အေးချမ်းစေလိုသည်။ TNLA ခေါင်းဆောင်ပိုင်းသည် အာဏာသိမ်းစစ်တပ်ဆန့်ကျင်ရေးလှုပ်ရှားမှုအပေါ် ဂရုဏာသက်၊ စာနာသော်လည်း တအာင်းတပ်ဖွဲ့ တစ်ခုလုံး ထိုလှုပ်ရှားမှုအတွင်းသို့ ပါဝင်ရေးဆန္ဒမရှိ၊ သို့မဟုတ် မတတ်စွမ်းနိုင်ဖြစ်ရသည်။ ထိုအစား ၎င်းတို့သည် နောက်ကွယ်ကသာ ပါဝင်ပတ်သက်သည်။ ထို့ကြောင့် NUG အစိုးရနှင့် ၎င်း၏မဟာမိတ်အဖွဲ့များသည် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ပူးပေါင်းစစ်ဆင်နွှဲ၍ စစ်တပ်ကိုဖြုတ်ချနိုင်လိမ့်မည်ဟု ယခင်က လူအများက ထင်မြင်ခဲ့ကြသော်လည်း လက်တွေ့တွင်မူ ဖြစ်လာရန် အလွန်ခက်ခဲသော အယူအဆတစ်ခုသာဖြစ်နေသည်။

ဤအခင်းအကျင်း၊ အခြေအနေတွင် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တအာင်းလူမျိုးများအတွက် အကောင်းဆုံးမျှော်လင့်နိုင်သည်က TNLA အဖွဲ့သည် တအာင်းအရပ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူထုအတွက် ကောင်းမွန်သော အုပ်ချုပ်မှုယန္တရားဖော်ဆောင်ခြင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဖန်တီးပေးခြင်းနှင့် အတိုင်းအတာတစ်ခုအထိ လုံလုံခြုံခြုံ နေထိုင်ခွင့်ရရှိစေခြင်းတို့ပင်ဖြစ်သည်။ လက်ရှိအချိန်အထိ TNLA အဖွဲ့၏ အချို့လုပ်ဆောင်ချက်များမှာ အပြုသဘောဆောင်နေသေးသည်ကို တွေ့ရှိရသည်။ သို့သော် အခြားကိစ္စရပ်များ၊ အထူးသဖြင့် ကလေးစစ်သားစုဆောင်းခြင်း၊ သို့မဟုတ် အတင်းအဓမ္မ တပ်သားသစ်စုဆောင်းခြင်းတို့ကို ရပ်တန့်ရန်လိုအပ်ပါသည်။ ထိန်းချုပ်နယ်မြေကို ဆက်လက်ချဲ့ထွင်ရန် ကြိုးပမ်းနေမှုကိုလည်း ရပ်တန့်သင့်သည်။ အဘယ်ကြောင့်ဆိုသော် TNLA နှင့် အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကြားတွင်သာမက စစ်တပ်နှင့်ပါ ထိပ်တိုက်ထိတွေ့ တိုက်ခိုက်မှုများ ဖြစ်ပွားလာစေနိုင်သောကြောင့်ဖြစ်သည်။ မိမိထိန်းချုပ်နယ်မြေအတွင်း ပိုမိုထိရောက်သည့် အုပ်ချုပ်ရေးယန္တရားတစ်ရပ်ဖော်ဆောင်ခြင်းက ၎င်း၏အဓိကလုပ်ငန်းစဉ်ဖြစ်သင့်ပြီး နိုင်ငံတကာအဖွဲ့အစည်းများကလည်း အများပြည်သူကောင်းကျိုးရှေးရှု၍ တတ်နိုင်သည့်ဘက်က ပါဝင်ကူညီရန် လိုအပ်ပေသည်။

**မဲလ်ဘုန်း/ရန်ကုန်/ဘရပ်ဆဲလ်**
**၂၀၂၃၊ စက်တင်ဘာ၊ ၄ရက်။**

ရှာဖွေတွေ့ရှိချက်အနှစ်ချုပ်ကို စက်တင်ဘာလ၊ ၆ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပြင်ဆင်တည်းဖြတ်ထား သည်။

## နောက်ဆက်တွဲတင်ပြချက် - ရှမ်းပြည်နယ်မြောက်ပိုင်းရှိ TNLA၏ နယ်မြေချဲ့ထွင်မှုပြမြေပုံ



International Crisis Group
**Headquarters**
Avenue Louise 235, 1050 Brussels, Belgium
Tel: +32 2 502 90 38
brussels@crisisgroup.org

**New York Office**
newyork@crisisgroup.org

**Washington Office**
washington@crisisgroup.org

**London Office**
london@crisisgroup.org

**Regional Offices and Field Representation**
Crisis Group also operates out of over 25 locations in Africa, Asia, Europe, the Middle East and Latin America.

**See www.crisisgroup.org for details**

*PREVENTING WAR. SHAPING PEACE.*